ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၃)ရက် ၊ သောကြာနေ့ ၊ (13-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၄)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာအသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူထံသို့ ပေးပို့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁

အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာအသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ ပေးပို့သည်။

စာမျက်နှာ ၁၆ ကော်လံ ၂

အရှေ့ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှူဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၃ ရက်မှ ၁၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

နေပြည်တော် ဇွန် ၁၂

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီ ပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်

စာမျက်နှာ ၁၆ ကော်လံ ၁

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ- ၁၇

ကြိုတင်ကာကွယ်ခြင်းဖြင့် ရေလွှမ်းမိုးမှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ကြပါစို့

ဆောင်းပါး စာမျက်နှာ- ၂၃

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်
အယ်ဒီတာ့အာဘော်

ရေကြီးရေလျှံမှုအန္တရာယ် သတိပြုကာကွယ်

မြန်မာနိုင်ငံတွင် မုတ်သုံလေအားကောင်းသော မိုးတွင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပေသည်။ နှစ်စဉ်ကြုံတွေ့နေရသော အတွေ့အကြုံများကို အခြေခံ၍ ဘေးကင်းရာ၊ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့်သာ ရှောင်ရှားနိုင်မည်ဖြစ်ပေသည်။ မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များစွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများ၊ တောင်ပြိုမြေပြိုမှုများကိုလည်း ကြုံတွေ့ရတတ်ပေသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံရှိ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်စသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာပြီး မြို့၊ ရွာများ၌ နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထိုသို့ဖြစ်ပေါ်ရာတွင် လူနေအဆောက်အအုံများ၊ စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုနှင့်ကြုံကြုံရပြီး လူနှင့်တိရစ္ဆာန်တို့လည်း ရေဘေးအန္တရာယ်နှင့်ကြုံကြုံရပါသည်။

ယခုကဲ့သို့ မုတ်သုံလေအားကောင်းသော မိုးတွင်းကာလတွင် မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထူးခြားသော မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းနှင့်သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်ကို ဂရုပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အချို့ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးခြင်းများ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းများ ဖြစ်ပွားနိုင်ပေသည်။ ထို့ကြောင့် မြစ်ကမ်းအနီးတွင် နေထိုင်သူများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်ကြသူများ အနေဖြင့် မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှဦးစီးဌာန၏ သတိပေးချက်များကို လိုက်နာ၍ သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

ရေကြီးရေလျှံပြီးနောက်တွင် မသန့်ရှင်းသော ရေနုတ်မြောင်းများမှ အမှိုက်သရိုက်များ ကျန်ရှိနေတတ်ပေသည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာရောဂါများကို ဂရုပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် အူရောင်ငန်းဖျားရောဂါ၊ အဖျားရောဂါ၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးကဲ့သို့သော ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်ပွားနိုင်၍ ပြည်သူများအနေဖြင့် သတိပြုကြရမည်ဖြစ်ပေသည်။

သဘာဝဘေးဖြစ်ပေါ်ရသည့် အကြောင်းရင်းများစွာရှိပြီး သဘာဝကြောင့်ဖြစ်ပေါ်ခြင်းများရှိသကဲ့သို့ လူသားတို့၏လုပ်ဆောင်မှုများကြောင့် ဂေဟစနစ်များပျက်ယွင်း၍ ဖြစ်ပေါ်ခဲ့ရသည်များလည်းရှိသည်။ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ သဘာဝသစ်တောများ အလွန်အကျွံခုတ်ထွင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်သော စက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စသောလုပ်ဆောင်မှုများကြောင့် ကမ္ဘာကြီးပူနွေးရာမှတစ်ဆင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်စေပါသည်။

သို့ဖြစ်ရာ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသော သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍ မရဘဲ အချိန်မရွေးဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှဦးစီးဌာန၏ သတင်းထုတ်ပြန်မှုများကိုသတိထား၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရမည် ဖြစ်သကဲ့သို့ ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက်လည်း လူထုအားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၈၅ ဧက စိုက်ပျိုးပြီးစီး

ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင် ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၂၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကနီမြို့နယ်တွင် ၃၂၂၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၀ နှင့်ပုလဲမြို့နယ်တွင် ဧက ၃၀ စုစုပေါင်း ၃၂၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့တော့ မြေပဲက အောင်မြင်ဖြစ်ထွန်းတဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့လဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ ပေါင်းမြက်ကင်းစင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင် မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီ မြို့နယ်တွင် ၂၉၃၈ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧကနှင့်ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၃၃၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးသွားမည်

ငပုတော ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စပါး ၂၀၄၁၂၂ ဧကကို ဇွန်လတတိယပတ်မှစတင် စိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် နည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ စပါးဧက ၂၀၀၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ စပါးစိုက် ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွေး စပါးအမျိုးအစားတွေကိုအဓိကစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးနည်းပညာတွေကို အကူအညီတောင်းခံတာ ရှိနေလို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းထံမှ သိရသည်။

ကျော်ကျော်လင်း

အမရပူရမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းကြယ်သီးထိုးနည်းသင်တန်း ဖွင့်ပွဲကျင်းပ

အမရပူရ ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းကြယ်သီးထိုးနည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပမအေးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းကြယ်သီးထိုးနည်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းကြယ်သီးထိုးနည်း သင်တန်းကို အမရပူရမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက ပန်းကြယ်သီးထိုးနည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ဇွန် ၁၁ ရက်မှဇွန် ၁၅ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅ဂစဂ၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ပျော်ဘွယ်မြို့နယ် ဆိတ်ချိုကျေးရွာ၌ ပဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာဖြစ်သည့် ဆိတ်ချိုကျေးရွာ၌ ပဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှု၊ စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ဆိတ်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဋ္ဌမအကြိမ် အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်အသင်းသား၊ အသင်းသူ ၄၇ ဦးကို ငွေကျပ် ၁၃၄ ဒသမ ၅ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၆၂ ဦးကို ငွေကျပ် ၂၅၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၄ ဦးကို ငွေကျပ်သိန်း ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၂၆ ဒသမ ၅ သိန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သူသူ

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ သား ဦးကောင်းညွှန့်၊ သမီး ဒေါ်ငြေးငြေးအေးတို့က မိဘများဖြစ်သော ဦးခိုင်-ဒေါ်စိမ့်ညိုတို့ အားရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ သီလရှင်ဆောင်ကြီးကြေပ်ရေး အမျိုးသမီးဆပ်ကော်မတီဒုတိယ ဥက္ကဋ္ဌ ဒေါ်မေသက်မော်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

ဟုမ္မလင်းမြို့နယ်တွင် နွေစပါး ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၆ ဒသမ ၈၇ တင်း ထွက်ရှိ

ဟုမ္မလင်း ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် နွေစပါး ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၆ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၂၂၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဧပြီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၆ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၁၂၂၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နွေစပါးစိုက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စျေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်စျေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက် စေရေး ဒေသမရွှေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

မကွေးမြို့နယ် ကန်သာလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မကွေး ဇွန် ၁၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကန်သာလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ထွေးနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ကန်သာလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ် ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို ဌာနမှသတ်မှတ်ထားသော စံနှုန်းများအတိုင်း စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်း စုစုပေါင်းငွေကျပ် သန်း၃၀ ဖြင့် ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

ဗျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဗျာပုံ ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်စျေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

''ဒေသထွက်ကုန် မျှင်ငါးပိတွေကို ရန်ကုန်စျေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်စျေးကွက်က ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော၊ အခုလက်ရှိ ဇွန်လထဲမှာပါ ဝယ်ယူမှုများပြားနေပါတယ်။ အခုလိုမျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ ငါးပိ၊ ငါးခြောက်ပွဲရုံပိုင်ရှင်တွေအပြင် ရေလုပ်သားတွေပါ အဆင်ပြေလာပါတယ်''ဟု ဗျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဗျာပုံမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှ ဖမ်းယူရရှိခဲ့သော မျှင်ကောင်များကို ဝယ်ယူပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေခြင်း ဖြစ်ကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့်လုပ်ငန်းသည် ဒေသ၏ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားအနည်းဆုံး ငါးဦးမှ ၁၀ ဦးထိ အလုပ်အကိုင်ဖန်တီးပေးထားနိုင်ကြောင်း ဗျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထံမှ သိရသည်။

ကျော်ကျော်လင်း

ထာဝရကုသိုလ်ရပြီး ထာဝရပျော်နိုင်ကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

မြန်မာနိုင်ငံ၏ ရာသီဥတုသဘာဝအခြေအနေ အရ နှစ်စဉ်ဇွန်လနှင့် ဇူလိုင်လတို့တွင် သစ်ပင်စိုက်ပျိုးလအဖြစ် သတ်မှတ်ကာ သစ်ပင်(ပျိုးပင်)မျိုးစုံကို စိုက်ပျိုးခဲ့ကြသည်။ အထူးသဖြင့် မိုးရွာသွန်းမှု သေချာသည့် ဇူလိုင်လမှာသာ သစ်ပင်စိုက်ပျိုးမှု များပြားသည်။ ဇူလိုင် ၇ ရက်သည် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ဖြစ်သည်။

ထို့ပြင် ဇွန် ၅ ရက် (**ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**)ကိုလည်း အကြောင်းပြု၍ နှစ်စဉ် ထိုနေ့နှင့် ထိုနေ့ဝန်းကျင်တွင်လည်း သစ်ပင်စိုက်ပျိုးရေး ပွဲတော်နှင့် ဟောပြောပွဲများကို ကျင်းပကြလေ့ရှိသည်။ သို့သော် အနည်းစုကသာ ကိုယ်စိုက်ပျိုးခဲ့ကြသောသစ်ပင်များကို ရှင်သန်ကြီးထွားအောင် ဂရုစိုက်ခဲ့ကြသော်လည်း အများစုက ပွဲပြီးမီးသေ၊ ကောက်ရိုးမီးလိုပဲ သဘောထားခဲ့ကြသည်။

၁၉၇၂ ခုနှစ် ဇွန် ၅ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၂၀၀ ကျော်တက်ရောက်ခဲ့ကြသည့် လူ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံကြီးမှ နှစ်စဉ် ဇွန် ၅ ရက်ကို "**ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**" အဖြစ် သတ်မှတ်ကျင်းပနေခြင်းဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ သစ်ပင်များ၊ သစ်တောများ၊ ချောင်း၊ မြစ်၊ ပင်လယ်နှင့် သမုဒ္ဒရာများ၊ တိရစ္ဆာန်များ(ကုန်း၊ ရေ၊ လေ) မြေအောက်သယံဇာတများ၊ နေအိမ်အဆောက်အအုံများနှင့် လူသားမျိုးနွယ်စုများကို ထိန်းသိမ်းစောင့်ရှောက်ကြရေးပင်ဖြစ်သည်။

ထိုလုပ်ငန်းများကို ထိခိုက်စေသော "**အယ်နီညိုကြ**"နှင့် ကမ္ဘာ့လူသားများ မလွဲမရှောင်သာဘဲ ထိပ်တိုက် ကြုံတွေ့လာခဲ့ရသည်။ စပါန်ဘာသာ စကားဖြစ်သော အယ်နီညိုကို မြန်မာလို "**ရေနွေးစီးကြောင်း**" ဟုခေါ်ပါသည်။ ၁၅၅၀ ပြည့်နှစ်ခန့်မှစ၍ ရေနွေးစီးကြောင်းရောက်လာချိန်တွင် ငါးများရှားပါးလာလေ့ရှိသည်ကို ရေလုပ်သားများက သတိထားခဲ့မိရာမှ အယ်နီညိုဖြစ်စဉ်ကို သိလာခဲ့ကြသည်။ ထိုအချိန်က အယ်နီညိုကို ငါးများရှားပါးစေသော သာမန်ဖြစ်စဉ်ဟုသာ ထင်မှတ်ထားခဲ့ကြသည်။ ၁၉၈၂ ခုနှစ်သို့ ရောက်ရှိမှသာ အယ်လ်နီညိုသည် ကမ္ဘာ့ရာသီဥတုကို လွန်စွာထိခိုက်စေသောအန္တရာယ်ဖြစ်မှန်း သိခဲ့ကြရပါတော့သည်။

၁၉၈၂-၁၉၈၃ ခုနှစ်တွင် အယ်နီညိုသည် ရေပြင်မှာသာမကတော့ဘဲ အထက်လေထုအတွင်းကိုပါ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ လေထုနှင့်ရေထုသည် အပြန်အလှန် အကျိုးသက်ရောက်မှုရှိနေလေရာ အယ်နီညိုကြောင့် ရာသီဥတုမှာ ပုံမှန် မဟုတ်တော့ဘဲ ဖောက်ပြန်လာပါသည်။ အယ်နီညို ဖြစ်စဉ်ကာလမှာ တစ်နှစ်ခန့်အချိန်ကြာလေ့ရှိရာ ထိုကာလအတွင်းမှာ မိုးရွာသွန်းမှုလျော့နည်းတတ်ခြင်း၊ အပူချိန်တိုးမြင့်တတ်ခြင်း၊ မိုးခေါင်တတ်ခြင်း၊ မုတ်သုံအဝင် နောက်ကျတတ်ခြင်း၊ မုတ်သုံအထွက်စောတတ်ခြင်း၊ မုတ်သုံမိုးနည်းတတ်ခြင်း၊ မိုးလယ်ကာလ မိုးလျော့နည်းတတ်ခြင်း၊ မုန်တိုင်းများ ပုံမှန်ခန့်သာဖြစ်တတ်ခြင်း စသည့်ရာသီပြောင်းလဲမှုဒဏ်များကို ကြုံတွေ့ကြရလေ့ရှိသည်။

အယ်နီညိုနှင့်ပတ်သက်၍ ကမ္ဘာ့သမိုင်းမှတ်တမ်းဝင် အဆိုးရွားအပြင်းထန်ဆုံး ၁၂ နှစ်ရှိခဲ့ကြောင်း၊ ၁၁ နှစ်တာကာလမှာ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်းဖြစ်ကြောင်း၊ ထိုကာလအတွင်း ၁၉၉၇-၁၉၉၈ ခုနှစ် အယ်နီညိုဖြစ်စဉ်သည် အဆိုးရွားဆုံးစံချိန်တင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာ အရ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ၏ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်ခဲ့ကြောင်း၊ လူဦးရေ ၁၄၀၀၀ ကျော် သေဆုံးခဲ့ပြီး လူ ၁၁၁ သန်းကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အိုးအိမ်များကို စွန့်ပစ်ပြောင်းရွှေ့ခဲ့ရသူ လူဦးရေ ခြောက်သန်းကျော်ရှိခဲ့ပြီး စိုက်ပျိုးရေးမြေ၈က ၅၆ သန်းကျော် ထိခိုက်ဆုံးရှုံးခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ကြေညာချက်အရ သိခဲ့ရသည်။

၁၉၉၇-၁၉၉၈ ခုနှစ် အယ်နီညိုဖြစ်စဉ်တွင် မြန်မာနိုင်ငံလည်း ခံစားခဲ့ရသည်။ အနယ်နယ်အရပ်ရပ်မှာ အပူဒဏ်ကြီးသောကြောင့် သက်ကြီးရွယ်အိုများ နှင့်ကလေးသူငယ်များ နေ့စဉ်သေဆုံးခဲ့ကြရသည်။ အချို့လည်း အပူလွှပ်ဒဏ်ခံကြရပြီး လေဖြတ်ဝေဒနာ ခံစားခဲ့ကြရသည်။ သီးနှံစိုက်ခင်းများ ပျက်စီးခဲ့သဖြင့် တောင်သူများလည်း များစွာသောစီးပွားရေးဆိုင်ရာ ထိခိုက်မှုဒဏ်ကိုခံခဲ့ကြရသည်။

အယ်နီညိုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည့်နည်းလမ်းများစွာထဲတွင် အပူဒဏ်ကိုကာကွယ်နိုင်စွမ်းရှိပြီး ရာသီဥတုကိုမျှတသာယာစေသော သစ်ပင်များ၊ တောအုပ်များနှင့်ဝေဆာနေကြသော တောတောင်များ ပေါများဖွံ့ဖြိုးတိုးတက်တည်တံ့လာစေရန် ဝိုင်းဝန်းကြိုးစားကြရပေမည်။

ကျွန်တော်တို့နိုင်ငံသည် သစ်မျိုးစုံနှင့် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ယခုအခါ တောင်ကတုံးများဖြစ်လာကြသော တောင်များ များလာသဖြင့် တောင်ကတုံးများကို သျှောင်ထုံးပေးကြရန် အထူးလိုအပ်နေပါပြီ။

အကြောင်းမှာမူ ကမ္ဘာပေါ်ရှိ ဥတုရာသီအဆိုးရွားဆုံး ၁၀ နိုင်ငံထဲတွင် မြန်မာနိုင်ငံသည် နံပါတ်တစ်၏နောက် နံပါတ်နှစ် ဒုတိယအဆင့်မှာရောက်ရှိနေသောကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း "**ဥတုရာသီ တောကိုမှီ**"၊ "**သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပစိမ်းမြမြ**"၊ "**သစ်တောနှင့်သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး**"၊ "**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်စိမ်းစိုလှပကြည်နူးရ**"၊ "**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေကို ထိန်းသိမ်းစို့**"၊ "**ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်ဝဖို့ သဘာဝတောတွေကို ထိန်းသိမ်းစို့**" ဟူသောဆောင်ပုဒ်များကိုထုတ်ကာ၊ သစ်ပင်စိုက်ပျိုးကြရန် လှုံ့ဆော်နေခြင်းဖြစ်သည်။

စိုက်ပျိုးသူက တစ်ယောက် တောခုတ်သူက တစ်ထောင်ဖြစ်နေသော လက်ရှိအခြေအနေအရဆိုပါမူ ကြာလျှင်သစ်ပင်ရှားပါး၊ တောရှားပါးပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို နာလန်မထူနိုင်အောင် ခံစားကြရပေလိမ့်မည်။ ယခုလည်း ခံစားနေကြရသည်။

> ❖ "ဧကနိပါတ် ဘမ္မဇာတ်တော်" မှာ မြတ်ဗုဒ္ဓက "ထာဝရကုသိုလ် ခြောက်မျိုးထဲမှာ သီးပင်၊ ပန်းပင်၊ အရိပ်ခိုစရာသစ်ပင်ကြီးတွေ စိုက်ပျိုးခြင်း"ဆိုသော ထာဝရကုသိုလ်တစ်မျိုးပါဝင်ကြောင်း ဟောပြောထားသောကြောင့်ပင်ဖြစ်သည်။ သစ်ပင်မျိုးစုံစိုက်ပျိုးနေကြသူများသည် ထာဝရကုသိုလ်ကို အလိုလိုရနေကြသူများဖြစ်ကြသည်။ "သစ်တစ်ပင်ကောင်း ၄က်တစ်သောင်း နားရ"ဟူသော စကားပုံပင်ရှိနေသည်မဟုတ်ပါလား။ သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တစ်ဆောင် လှူဒါန်းသည်နှင့်တူသည်။ ထို့ပြင် "နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်" "ဥတုရာသီ တောကိုမှီ၏" ဟူသောစကား များလည်းရှိသည်။ ❖

"**အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ**" က "**တောပင်တွေ တော်တော်ခုတ်ကြ၊ တောပြုတ်လိမ့် နောက်နောင်။ တောခုတ်လို့တောပြောင်၊ မိုးခေါင်တော့မှာပဲ။ မိုးခေါင်လို့ ရေမကြွယ် သဲပင်လယ်ဖြစ်လေ့မလွဲ**"ဟု စပ်ဆိုသတိပေးခဲ့ပြီး "**အာဆီယံကဗျာဆုရှင် မောင်စိန်ဝင်း(ပုတီးကုန်း)**"ကလည်း "**ဥတုရာသီ**" ဟူသောခေါင်းစီးဖြင့် "**တစ်တောလုံးညို့မှ တစ်မြို့လုံး မိုးရွာခဲ့။ တစ်တောလုံးပြောင်၊ တစ်တောင်လုံး လင်းတဲ့ နှစ်မှ မြို့တွင်းမှာ ပင်လယ်ဖြစ်၊ ရေနစ်သတဲ့**"ဟုစပ်ဆိုသတိပေးခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် ခြံစည်းရိုးသာခြားထားသော တရုတ်နိုင်ငံ ယူနန်ပြည်နယ်ထဲရှိ ကျယ်ဂေါင်နှင့် ရွှေလီမြို့ပြောင်းလဲသွားပုံကို တင်ပြလိုသည်။ ကျွန်တော်သည် ယူနန်ပြည်နယ်ထဲသို့ စာပေတာဝန်ဖြင့် ၂၀၀၇ ခုနှစ် ၂၀၀၉ ခုနှစ်များက နှစ်ကြိမ် ရောက်ဖူးခဲ့ရာ ထူးထူးခြားခြား ဘာမျှမတွေ့ခဲ့ရပါ။ ၂၀၁၄ ခုနှစ် ဇွန်လဆန်းက စာပေဟောပြောပွဲသို့ သွားရင်းက တတိယအကြိမ် ရောက်သွားသောအခါ အံ့အားသင့်ဖွယ်ကောင်းလှသည့် ထူးခြားဆန်းကြယ်မှုများကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခဲ့ရသည်။

ရွှေလီမြို့ထဲတွင် "**နာဂစ်တောအုပ်နှင့် နီကယ်တောတန်း**"အပြင် အခြားတောအုပ်ငယ်လေး များကို လေ့လာခွင့်ရခဲ့သည်။ မြန်မာနိုင်ငံတွင် နာဂစ်တုန်းက လဲကျခဲ့ကြသော ကုက္ကိုပင်ကြီးများအပါအဝင် သစ်ပင်ကြီးများကို တစ်ပင်လျှင် ငွေကျပ် ၁၀ သိန်း၁၅ သိန်း နှုန်းဖြင့် ဝယ်ယူသယ်ဆောင်လာခဲ့ကြပြီး ပြန်လည်အသက်သွင်း စိုက်ပျိုးထားကြသည်။

အမြစ်အထက်နားမှ ဖြတ်တောက်ထားသော သစ်လုံးကြီးများကို ကရိန်းများဖြင့် ထောင်မတ်ပြီး ရေများများထည့်ထားသော တွင်းနက်ကြီးများထဲ သို့ထည့်ကာ ဆေးဖျန်းပေးကြသည်။ တစ်လခန့် အကြာတွင် အမြစ်အဖြူလေးများ ထွက်လာကြသည်။ ထိုအမြစ်အဖြူလေးများ သန်မာလာသောအခါ အောက်ဆီဂျင်ဆေးထိုးပေးကြသည်။ အမြစ်လက်တက်ပွားလေးများ မြေကြီးထဲစိုက်ဝင်သွားပြီး ပင်စည်ကြီးကိုထိန်းနိုင်ပြီဟု စိတ်ချရမှ ကရိန်းများကို ဖယ်ရှားလိုက်ကြသည်။ ပင်စည်ထိပ်ဖျားမှလည်း အခက်အညွှန့်များ ထွက်ပေါ်လာကြသည်။ ခေတ်မီသိပ္ပံနည်းကျ ပြောင်းရွှေ့စိုက်ပျိုးနည်းဟုခေါ်သည်။

ကျွန်တော်တို့မြန်မာလူမျိုးများထဲတွင် သစ်ပင်စိုက်ခြင်းသည် ဇရပ်လှူဒါန်းခြင်း ထာဝရကုသိုလ်ဟု ခံယူပြီး သစ်ပင်စိုက်လှူဒါန်းနေကြသူများ များစွာရှိကြသည်။ "**သစ်တစ်ပင်ကောင်း ၄က်တစ်သောင်းနားရ**" "**ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ မိဘရိပ်၊ သစ်ဝါးရိပ်**"ဟူသောစကားတွင်လည်း သစ်ပင်၏ ကျေးဇူးတရားများပါရှိသည်။

ဤနေရာတွင် စံပြုအတုယူစရာ "**လူမှုအကျိုးပြု မြန်မာမုဒိတာ ပရဟိတဖောင်ဒေးရှင်း**"၏ စွမ်းဆောင်မှုကို တင်ပြလိုသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အသွားအပြန် အစုံအဆန် ခရီးစဉ်ပေါင်းများစွာသွားလာခဲ့ကြသော ကျွန်တော်အပါအဝင် ခရီးသည်တိုင်းသည် လမ်းဘေး ဝဲယာတစ်လျှောက်၌ အစီအရီလှလှပပ စိုက်ပျိုးထားကြသော အရိပ်ရကုက္ကိုပင်များကိုကြည့်ပြီး ပီတိဖြစ်နေကြရပါသည်။ တစ်ခါတစ်ရံတွင် ကားကိုရပ်နားကာ ကုက္ကိုပင်ရိပ်မှာ နားခိုရသည့်အရသာကို တသသ ဖြစ်ကြရပါသည်။ အချို့ဆိုလျှင် ကုက္ကိုပင်ရိပ်တွင် မိသားစုလိုက် နားခိုစားသောက်နေကြလေရာ ပျော်ပွဲစားထွက်လာကြသည့်အလား အားကျပျော်စရာ ကောင်းလှပါသည်။

ထို့ကြောင့် တောင်ကတုံးများကြား၊ ခြောက်လမ်းသွားလမ်းမကြီးဘေးနှစ်ဖက် မည်သည့်အပင်မျှမရှိသော ကွက်လပ်တစ်ကြောမှာ အမြော်အမြင်ကြီးမားစွာဖြင့် အရိပ်ရကုက္ကိုပင်ကလေးများ စိုက်ပျိုးထားကြသူများကို မည်သူမည်ဝါမှန်းမသိကြဘဲ ကျေးဇူးတင်နေကြပါသည်။ ကုက္ကိုပင်အရိပ်ကြောင့် အေးမြကြည်နူးကြရသလို ကုက္ကိုပင်စိုက်ကြသူများလည်း ပူပင်သောက ကြောင့်ကြကင်းဝေးစွာဖြင့် အေးမြကြည်သာ လိုရာဆန္ဒပြည့်ဝကြပါစေဟုလည်း ဆုမွန်ခြွေနေကြပါသည်။

လူမှုအကျိုးပြု မြန်မာမုဒိတာပရဟိတ ဖောင်ဒေးရှင်းကြီး၏လုပ်ငန်းစဉ် (၅)ရပ်အနက် "**နှစ်စဉ် အရိပ်ရ သစ်ပင်များစိုက်ပျိုးရန်**"ဟူသော လုပ်ငန်းစဉ်ပါဝင်ပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာမှာ အရိပ်ရကုက္ကိုပင်ပေါင်း သုံးသောင်းကျော်ကို တစ်ပင်နှင့်တစ်ပင် ပေ ၃၀ စီ ခြားပြီး ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်က စိုက်ပျိုးခဲ့ကြ သူများမှာ "**လူမှုအကျိုးပြုမြန်မာမုဒိတာပရဟိတဖောင်ဒေးရှင်း**"မှ အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်များနှင့် ဝန်ထမ်းများ ဖြစ်ကြောင်းသိခဲ့ရာ ပိုမို၍မုဒိတာပွားကြရပါသည်။ ကုက္ကိုပင်များ၏ သက်တမ်းမှာ ၁၄ နှစ်ပင်ပြည့်ပေတော့မည်။ လမ်းတိုးချဲ့သည့်အထဲ ပါမသွားပါစေနှင့်ဟု ဆုတောင်းနေရသည်။

"**လူမှုအကျိုးပြု မြန်မာမုဒိတာ ပရဟိတဖောင်ဒေးရှင်း**" အနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဘေးနှစ်ဖက်မှာ ကုက္ကိုပင်များ စိုက်ပျိုးခဲ့ရုံမျှသာမက ရန်ကုန်မြို့ဝန်းကျင်မှာ သစ်ပင်မျိုးစုံကို သောင်းနှင့်ချီ စိုက်ပျိုးခဲ့ကြပြီး ဧကနှင့်ချီစိုက်ပျိုးခဲ့ရာ နတ်လူ သာဓုခေါ်ဆိုထိုက်ပါပေသည်။ **စာမျက်နှာ ၅ သို့ ➤**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

မင်းကင်းမြို့နယ်တွင် နွေစပါးဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဇကလျှင် ၈၄ ဒသမ ၃၇ တင်းထွက်ရှိ

မင်းကင်း ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါးဇကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၃၅၇၂ ဇက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဇကလျှင် ၈၄ ဒသမ ၃၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နွေစပါး ၃၅၇၂ ဇကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိမှာတော့ ဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီး စပါးတွေကို အပိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀ဖ)

➢ စာမျက်နှာ ၄ မှအဆက်

အကြောင်းမှာမူ **"ဇကနိပါတ် ဘမ္မဇာတ်တော်"** မှာ မြတ်ဗုဒ္ဓက **"ထာဝရကုသိုလ် ခြောက်မျိုးထဲမှာ သီးပင်၊ ပန်းပင်၊ အရိပ်ခိုစရာသစ်ပင်ကြီးတွေ စိုက်ပျိုးခြင်း"** ဆိုသော ထာဝရကုသိုလ်တစ်မျိုးပါဝင်ကြောင်း ဟောပြောထားသောကြောင့်ပင်ဖြစ်သည်။

သစ်ပင်မျိုးစုံစိုက်ပျိုးနေကြသူများသည် ထာဝရကုသိုလ်ကို အလိုလိုရနေကြသူများဖြစ်ကြသည်။ **"သစ်တစ်ပင်ကောင်း ၄က်တစ်သောင်းနားရ"**ဟူသောစကားပုံပင်ရှိနေသည် မဟုတ်ပါလား။ သစ်ပင်တစ်ပင် စိုက်ပျိုးခြင်းသည် ဇရပ်တစ်ဆောင် လှူဒါန်းသည်နှင့်တူသည်။ ထို့ပြင် **"နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်" "ဥတုရာသီ တောကိုခ်ီ၏"** ဟူသော စကားများလည်းရှိသည်။

ဘုရားရှင်အဆူဆူ ပွင့်တော်မူခဲ့ရာ၌ သစ်ပင်များနှင့် မကင်းကြသည်ကိုလည်း မှတ်သားမိပါသည်။ ဝိပဿီဘုရားရှင်သည် သခွတ်ပင်၌ ပွင့်တော်မူခဲ့ပါသည်။ သိခီဘုရားရှင်သည့် သရက်ပင်၌ ပွင့်တော်မူခဲ့ပါသည်။ ဝဿဘူဘုရားရှင်သည် အင်ကြင်းပင်၌ ပွင့်တော်မူခဲ့ပါသည်။ ကကုသန်ဘုရားရှင်သည် ကုက္ကိုပင်၌ ပွင့်တော်မူခဲ့ပါသည်။ ကောဏာဂုံဘုရားရှင်သည် ရေသဖန်းပင်၌ ပွင့်တော်မူခဲ့ပါသည်။ ကဿပဘုရားရှင်သည် ပညောင်ပင်၌ ပွင့်တော်မူခဲ့ပါသည်။ ဂေါတမဘုရားရှင်သည် ညောင်ဗုဒ္ဓဟေပင်၌ ပွင့်တော်မူခဲ့ပါသည်။

အသောကမင်းကြီးစိုက်ထူခဲ့သော သတ္တမမြောက် ကျောက်စာတိုင်မှာ နတ်တို့ချစ်မြတ်နိုးသော ဝိယံဒသီမင်းကြီးက "လူနှင့်တိရစ္ဆာန်တို့ကို အရိပ်ဖြစ်စေခြင်းငှာ လမ်းတို့မှာ ညောင်ပင်များ စိုက်ပျိုးကြစေ"ဟုမိန့်တော်မူကြောင်း ကမ္ဘည်းရေးထိုးထားသည်ဟု မှတ်သားဖူးပါသည်။

ပုဂံခေတ်က အနော်ရထာမင်းကြီးကအစ ကျန်စစ်သားမင်းကြီးအထိ ထန်းပင်ပေါင်း ၁၀၀၀၊ မန်ကျည်းပင်ပေါင်း ၁၀၀၀ ကို ပြည်သူ့အင်အားဖြင့် စိုက်ပျိုးခဲ့ကြကြောင်းကိုလည်း ကျွန်တော်စာအုပ်တစ်အုပ်ထဲတွင် ဖတ်ရှုမှတ်သားခဲ့ရသည်။ (ရေးသားခဲ့သူ၏အမည်ကို မမှတ်မိ၍ ခွင့်လွှတ်ပါရန်)

အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ ဦးဆောင်ပြီး ပြည်သူ့အင်အားဖြင့် စိုက်ပျိုးခဲ့ကြသော ထန်းပင်များနှင့် မန်ကျည်းပင် တချို့သက်တမ်းကြာ၍ ပျောက်ဆုံးသွားခဲ့ကြသကဲ့သို့ လက်ရှိလူများ အလွဲသုံးစားပြုလုပ်နေကြသဖြင့် ပျောက်ဆုံးသွားခဲ့ကြရပြန်ပါသည်။

မြန်မာနိုင်ငံ၏ရေမြေသဘာဝအရ တောပြုန်းနေမှုများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ အကူအညီဖြင့် စိမ်းလန်းစိုပြည်အောင် လုပ်ဆောင်ကြရန် အချိန်မီပါသေးသည်။ ပုပ္ပားတောင်ကတုံးကို သျှောင်ထုံးအောင် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။ နာဂစ်ကြောင့် ပျောက်ကွယ်သွားခဲ့ကြသော သစ်ပင်ကြီးငယ်များ၏နေရာတွင် ပင်ပျိုများက အစားထိုးဝင်ရောက်နေရာယူနေကြလေပြီ။

နှစ်စဉ်ဇွန်လနှင့် ဇူလိုင်လကို သစ်ပင်များ စိုက်ပျိုးလအဖြစ် သတ်မှတ်ကာ စိုက်ပျိုးခဲ့ကြသော်လည်း အချို့မှာထိန်းသိမ်းစောင့်ရှောက်မှုမရှိကြသောကြောင့် ပျိုးပင်များ သေကုန်ကြလေ့ရှိရာ အချည်းနှီးဖြစ်နေကြပါသည်။

သို့ဖြစ်ရာ သစ်ပင်မျိုးစုံကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပြီး ရှင်သန်အောင်ဂရုစိုက်ကြပါ။ အပင်ပျိုးစိုက်ပျိုးကြသူ ဥယျာဉ်မှူးများအဖြစ် တာဝန်ကျေပွန်ကြစေချင်ပါသည်။

ထာဝရကုသိုလ်ရပြီး ထာဝရပျော်နိုင်ကြပါစေ။

ကောင်းစိတ်မွေးမြူ ဖေးမကူ

- လူ့ဝန်းကျင် လူ့စရိုက်
  ပြုအမိုက် ဝေးပါစေ၊
  ဖေးမကူ ကမ်းလက်
  လှမ်းတက်သာမြေ၊
  လူ့ဘဝ မြင့်အခြေ
  တင့်စေဖို့ ကောင်းစိတ်မွေး၊
  လူနှင့်လူ မေတ္တာဓာတ်
  ရစ်ပတ်ချည်ထွေး။

- ဉာဏ်နှင့်ယှဉ် မြော်တွေးမှ
  ဖယ်ဝေးကြ အမှားကွာ၊
  လူ့ဝန်းကျင် လူ့ဘဝ
  ချမ်းမြသာယာ၊
  မွေးမြူကြ စိတ်ဖြူစွာ
  ကူရာပေါ့ သွေးမကွဲ၊
  လူ့ဂုဏ်ရည် သင်းပျံ့
  ရှင်းသန့်နေမြဲ။

- စရိုက်ဖြူ အလှကဲ
  ဘဝထဲ ရွှင်ပျော်ပျော်၊
  အေးအတူ ပူအမျှ
  ကူကြစေနော်၊
  ကောင်းစိတ်မွေး ကောင်းကျိုးမျှော်
  ဆွေဖော်ရယ် ဖြူစိတ်ထား၊
  စရိုက်ဖြူ သွေးအလှရယ်နှင့်
  အမိုက်ဟူ ဝေးဘဝ
  အေးမြစေသား။ ။

ငြိမ်းချမ်းအောင်(နတ်တလင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ရုရှားဗုံးကြဲလေယာဉ်များ ဘောလ်တစ်ပင်လယ်၌ ကင်းလှည့်ပျံသန်း

မော်စကို ဇွန် ၁၂

ရုရှားလေတပ်မှ တီယူ-၂၂ အမ် ၃ အမျိုးအစား မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် ဇွန် ၁၁ ရက်တွင် ဘောလ်တစ်ဒေသ၌ ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားလေတပ်များကို ယူကရိန်းနိုင်ငံက ဇွန် ၁ ရက်တွင် မောင်းသူမဲ့လေယာဉ်များဖြင့်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဘောလ်တစ်ဒေသ၌ ရုရှား မဟာဗျူဟာဗုံးကြဲလေယာဉ်များ ကင်းထောက် ပျံသန်းခဲ့ခြင်းဖြစ်သည်။

ယနေ့ ကင်းထောက်မစ်ရှင်အတွင်း တီယူ-၂၂ အမ် ၃ ဗုံးကြဲလေယာဉ်များသည် ဘောလ်တစ်ပင်လယ်ဒေသနိုင်ငံတကာဝေဟင်အတွင်း လေးနာရီကျော်ကြာ ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် စစ်အင်အားပြသည့်အနေဖြင့် လည်းကောင်း၊ ရန်ဘက်နိုင်ငံများကို ဟန့်တားသည့်အနေဖြင့် လည်းကောင်း ဗုံးကြဲလေယာဉ်ပျံသန်းကင်းလှည့်မှုများ ပုံမှန်ပြုလုပ်လေ့ရှိသည်။

ယူကရိန်း၏ ဇွန် ၁ ရက်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုအတွင်း ရုရှားလေတပ်မှ တီယူ-၂၂ အမ် ၃ နှင့် တီယူ- ၉၅ အမ်အက်စ်ဗုံးကြဲလေယာဉ် ၁၀ စင်း ပျက်စီးခဲ့ဖွယ်ရှိကြောင်း အနောက်အုပ်စုနိုင်ငံများက ပြောကြားထားသည်။

တီယူ-၂၂ အမ် ၃ နှင့် တီယူ-၉၅ အမ်အက်စ် ဗုံးကြဲလေယာဉ်များသည် နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်သော မဟာဗျူဟာဗုံးကြဲလေယာဉ်များဖြစ်ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရေးဖိတ်ကြားချက် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်ငြင်းပယ်ထား

အော့တဝါ ဇွန် ၁၂

ကနေဒါနိုင်ငံ၌ လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့် ဂျီ-၇ အုပ်စု ထိပ်သီးညီလာခံသို့ ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်တက်ရောက်မည် မဟုတ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျီ-၇ အုပ်စုထိပ်သီးညီလာခံတက်ရောက်ရန် ကနေဒါအစိုးရ၏ ဖိတ်ကြားချက်ကို ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်က ငြင်းပယ်ထားကြောင်း သံတမန်သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ဆော်ဒီအိမ်ရှေ့မင်းသားအနေဖြင့် ကနေဒါနိုင်ငံ၏ ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရေးဖိတ်ကြားချက်အား အဘယ်ကြောင့် ငြင်းပယ်ထားသည်ကို မသိရသေးကြောင်း သိရသည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် ဂျီ-၇ အုပ်စုဝင်နိုင်ငံ မဟုတ်သော်လည်း လေ့လာသူနိုင်ငံအဖြစ် ပါဝင်တက်ရောက်နိုင်သည်။

ယခုနှစ် ဂျီ-၇ ထိပ်သီးညီလာခံကို ကနေဒါနိုင်ငံ ရော့ကီး တောင်တန်းဒေသ ကာနာနာစကစ်မြို့၌ ဇွန် ၁၅ ရက်မှ ဇွန် ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်သည် အီတလီနိုင်ငံ၌ ပြီးခဲ့သည့်လက ကျင်းပခဲ့သော ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရေး ဖိတ်ကြားချက်ကိုလည်း ငြင်းပယ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ပြည်နယ်နှင့်မြို့တော်အရေအတွက် လျှော့ချရေးလုပ်ငန်းစဉ် ဗီယက်နမ်အမျိုးသားလွှတ်တော်အတည်ပြု

ဟနွိုင်း ဇွန် ၁၂

ဗီယက်နမ် ပြည်နယ်များနှင့် မြို့တော်ကြီးများကို တစ်ခုနှင့်တစ်ခုပေါင်းစည်း၍ ပြည်နယ်နှင့် မြို့တော်အရေအတွက် လျှော့ချရေးလုပ်ငန်းစဉ်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့သည်။

ယနေ့အမျိုးသားလွှတ်တော် မဲခွဲပွဲတွင် ဗီယက်နမ်လွှတ်တော် အမတ်များက နိုင်ငံ၏ ပြည်နယ်နှင့်မြို့တော် ၆၃ ခုတို့ကို တစ်ခုနှင့်တစ်ခုပေါင်းစည်း၍ ၃၄ ခုသို့ လျှော့ချရေး လုပ်ငန်းစဉ်ကို ထောက်ခံမဲ ၄၆၁ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံကို ပြည်နယ် ၅၈ခု၊ မြို့နီစီပယ်မြို့တော်ငါးခုတို့ဖြင့် ဖွဲ့စည်းထားသည်။

ယင်းအပြင် ဗီယက်နမ်အမျိုးသားလွှတ်တော်သည် အစိုးရဝန်ထမ်းနေရာ ၈၀၀၀၀ နီးပါးထိ လျှော့ချရေး အစီအစဉ်ကိုလည်း ယနေ့တွင် မဲခွဲအတည်ပြုခဲ့သည်။

ပြည်နယ်နှင့်မြို့နီစီပယ်မြို့တော်ကြီးများအရေအတွက် လျှော့ချရေး အစီအစဉ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ အုပ်ချုပ်ရေးကဏ္ဍ အဓိကပြုပြင် ပြောင်းလဲရေးလုပ်ငန်းများထဲတွင် ပါဝင်သည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ဖေဖော်ဝါရီလကလည်း ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများ အရေအတွက်ကို ၃၀ မှ ၂၂ ခုထိ လျှော့ချခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ပစိဖိတ်ဒေသ၌ ဂျပန်ကင်းထောက်လေယာဉ်များကို တရုတ်ရေတပ်စစ်လေယာဉ်များ အနီးကပ်ပျံသန်း

တိုကျို ဇွန် ၁၂

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပစိဖိတ်ဒေသ၌ တရုတ်ရေတပ်မှ တိုက်လေယာဉ်များသည် ဂျပန်ကင်းထောက်လေယာဉ်များကို အနီးကပ်နောက်ယောင်ခံပျံသန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် တရုတ်ရေတပ်မှ ဂျေ-၁၅ တိုက်လေယာဉ်များသည် ဂျပန်ရေတပ်ကင်းထောက် လေယာဉ်များကို အနီးကပ်နောက်ယောင်ခံပျံသန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ် ယိုရှိမာဆာ ဟာယာရှိက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဂျပန်နိုင်ငံအနီး ပစိဖိတ်ရေပြင်အတွင်း တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘောနှစ်စီး ပထမဆုံးအကြိမ်အဖြစ် တစ်ချိန်တည်း လှုပ်ရှားမှုများ ပြုလုပ်နေစဉ် အဆိုပါဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၇ ရက်နှင့် ၈ရက်ဖြစ်စဉ်များအတွင်း တရုတ်ရေတပ် တိုက်လေယာဉ်များသည် ဂျပန်ကင်းထောက်လေယာဉ်များကို ၄၅ မီတာအကွာထိ ချဉ်းကပ်ပျံသန်းခဲ့သည်ဟု ဂျပန်အစိုးရအတွင်းဝန်ချုပ်က ပြောကြားထားကြောင်း သိရသည်။

တရုတ်ရေတပ်မှ ရှန်တုန်းလေယာဉ်တင်သင်္ဘောနှင့် လျောင်နင်းလေယာဉ်တင် သင်္ဘောတို့သည် ဂျပန်နိုင်ငံအနီး ပစိဖိတ်ရေပြင်အတွင်း သီးခြားစီနေရာယူ၍ လေ့ကျင့်မှုများပြုလုပ်နေခြင်းဖြစ်သည်။

အဆိုပါလေယာဉ်တင်သင်္ဘောနှစ်စီးသည် နိုင်ငံတကာဥပဒေများနှင့်အညီ ပစိဖိတ်ရေပြင်အတွင်း လှုပ်ရှားနေခြင်း ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

Ref : Xinhua
Trs : KKO

ခရီးသည်နှင့်လေယာဉ်အမှူထမ်း ၂၄၂ ဦးလိုက်ပါလာသော အဲအင်ဒီးယားခရီးသည်တင်လေယာဉ်ပျက်ကျ

ဒေလီ ဇွန် ၁၂

အဲအင်ဒီးယား လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် တစ်စင်းသည် အိန္ဒိယနိုင်ငံ အနောက်ပိုင်း အမီဒါဘတ်မြို့ လေဆိပ်မှ ယနေ့တွင် ပျံတက်ခဲ့ပြီးနောက် လေဆိပ်အနီးမှာပင် ပျက်ကျခဲ့ကြောင်း သိရသည်။

ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှူထမ်း ၂၄၂ ဦးလိုက်ပါသွားကြောင်း အဲအင်ဒီးယား လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

လေယာဉ် ပျက်ကျမှုအတွင်း သေဆုံးသူအများအပြားရှိကြောင်း အိန္ဒိယအစိုးရဖက်ဒရယ် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဘိုးအင်း ၇၈۔ ၈ ဒရမ်းလိုင်နာ အမျိုးအစား ၎င်းခရီးသည်တင်လေယာဉ်သည် လေဆိပ်မှပျံတက်ခဲ့ပြီး တစ်မိနစ်မပြည့်မီမှာပင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျလေယာဉ်ပေါ်လိုက်ပါလာသူခရီးသည်များအနက် ၁၆၉ဦးမှာ အိန္ဒိယနိုင်ငံသားများဖြစ်ကြပြီး ဗြိတိန်သား ၅၃ ဦး၊ ပေါ်တူဂီနိုင်ငံသား ခုနစ်ဦးနှင့် ကနေဒါနိုင်ငံသား တစ်ဦးတို့လည်း လိုက်ပါလာကြောင်း သိရသည်။

၎င်း ခရီးသည်တင်လေယာဉ်သည် အမီဒါဘတ်မြို့မှ လန်ဒန်မြို့သို့ပျံသန်းမည့် ခရီးသည်တင်လေယာဉ်ဖြစ်သည်။

လက်ရှိအချိန်တွင် အိန္ဒိယ တာဝန်ရှိသူများသည် လေယာဉ် ပျက်ကျခဲ့ရာနေရာကို ရှာဖွေရှင်းလင်းမှုများပြုလုပ်နေကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

SCIENCE AND TECHNOLOGY

2024 YR 4 ဂြိုဟ်သိမ်က ကမ္ဘာဂြိုဟ်နှင့်ဝင်တိုက်နိုင်ခြေ ကျဆင်းသွားသော်လည်း လကမ္ဘာကို ဝင်တိုက်နိုင်ခြေမှာမူသိသိသာသာမြင့်တက်လာဟု နာဆာထုတ်ပြန်

ဝါရှင်တန် ဇွန် ၁၂

2024 YR 4 ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ ကျဆင်းသွားသော်လည်း လကမ္ဘာကို ဝင်တိုက်နိုင်ခြေမှာမူ သိသိသာသာ မြင့်တက်လာသည်ဟု အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဇွန် ၁၁ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်မှရရှိသော အချက်အလက်များအရ 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် လကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းထိ မြင့်တက်လာသည်။

အကယ်၍ 2024 YR 4 ဂြိုဟ်သိမ်ဝင်တိုက်ခဲ့ပါကလည်း လကမ္ဘာ၏ပတ်လမ်း ပြောင်းလဲသွားလိမ့်မည်မဟုတ်ဟု နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်တွေ့ရှိခဲ့သော 2024 YR 4 ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၁၇၄ ပေနှင့် ပေ ၂၂၀ ထိ ရှိကြောင်း သိရသည်။

ယခုနှစ် ဧနှစ်ဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပြုလုပ်ခဲ့သည့် စူးစမ်းလေ့လာမှုများအရ 2024 YR 4 နှင့် ကမ္ဘာဂြိုဟ်တို့ကြား ၂၀၃၂ ခုနှစ်တွင် ဝင်တိုက်နိုင်ခြေမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းထိမြင့်တက်ခဲ့ရာ ကမ္ဘာအတွက် အန္တရာယ်အရှိဆုံး ဂြိုဟ်သိမ်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

သို့သော်လည်း နောက်ပိုင်းတွင် 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား ဝင်တိုက်နိုင်ခြေမှာ သုည ဒသမ ဝဝ၄ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

တရုတ်နိုင်ငံ၏ ဂြိုဟ်တုနှစ်စင်းက ကမ္ဘာပတ်လမ်းပေါ်၌ တစ်စင်းနှင့်တစ်စင်းချိတ်ဆက်၍ လောင်စာရည်ပြန်လည်ဖြည့်တင်းမှုစနစ်ကို စမ်းသပ်ရန်ပြင်ဆင်နေ

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံ၏ ဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာပတ်လမ်းပေါ်၌ တစ်စင်းနှင့်တစ်စင်း ချိတ်ဆက်၍ လောင်စာရည်ပြန်လည်ဖြည့်တင်းမှုစနစ်ကို စမ်းသပ်ရန်ပြင်ဆင်နေကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

ရီကျိယန်-၂၁ နှင့် ရီကျိယန်-၂၅အမည်ရှိတရုတ်ဂြိုဟ်တုနှစ်စင်းသည် ပြီးခဲ့သည့်သီတင်းပတ်ကုန်အတွင်း ယှဉ်တွဲပျံသန်းမှုအမျိုးမျိုး ပြုလုပ်ခဲ့ရာ ဇွန် ၉ ရက်တွင် တစ်စင်းနှင့်တစ်စင်း အနီးကပ်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

ၜင်းဂြိုဟ်တုနှစ်စင်းအနေဖြင့် ယနေ့တွင် တစ်စင်းနှင့်တစ်စင်း ချိတ်ဆက်၍ ဂြိုဟ်တုလောင်စာ ဖြည့်တင်းမှုစနစ်ကို စမ်းသပ်မည် ဖြစ်ကြောင်း သိရသည်။

ရီကျိယန်-၂၁ နှင့် ရီကျိယန်-၂၅ တို့ကို ရှန်ဟိုင်းအာကာသ နည်းပညာအကယ်ဒမီက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရီကျိယန်-၂၁ ကို ၂၀၂၁ ခုနှစ်တွင် လွှတ်တင်ခဲ့ပြီး ရီကျိယန်-၂၅ ကို ယခုနှစ် ဧနှစ်ဝါရီလတွင် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပတ်လမ်းပေါ် ဂြိုဟ်တုလောင်စာရည် ဖြည့်တင်းမှုစနစ် စမ်းသပ်မှုတွင် ရီကျိယန်-၂၅ သည် လောင်စာရည် ကုန်ခန်းနေသော ရီကျိယန်-၂၁ ဂြိုဟ်တုထံသို့ လောင်စာရည် ၁၄၂ ကီလိုဂရမ် လွှဲပြောင်းထည့်သွင်းပေးဖွယ်ရှိသည်။

ၜင်းလောင်စာရည်များ လွှဲပြောင်းထည့်သွင်းပြီးပါက ရီကျိယန်-၂၁ ဂြိုဟ်တု၏ မစ်ရှင်သက်တမ်းမှာ ရှစ်နှစ်ထိ ထပ်တိုးလာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

YSES-1 ကြယ်စနစ်အတွင်းရှိ ဂြိုဟ်နှစ်စင်းအနက် အတွင်းဘက်ကျသောဂြိုဟ်ကို မိုးတိမ်တိုက်များက ဖုံးလွှမ်းထား

ဝါရှင်တန် ဇွန် ၁၂

YSES–1 အမည်ရှိ ကြယ်စနစ်အတွင်းရှိ ဂြိုဟ်နှစ်စင်းအနက် အတွင်းဘက်ကျသော ဂြိုဟ်ကို မိုးတိမ်တိုက်များက ဖုံးလွှမ်းထားကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

YSES–1 ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၀၇ နှစ်အကွာတွင်တည်ရှိပြီး ၎င်းကြယ်ကို ဖွဲ့စည်းပေါ်ထွက်ခါစ ဂြိုဟ်နှစ်စင်းက လှည့်ပတ်လျက်ရှိသည်။

အထက်ပါဂြိုဟ်နှစ်စင်းအနက် အတွင်းဘက် အကျဆုံးဂြိုဟ်ဖြစ်သော YSES–1C အမည်ရှိ ဂြိုဟ်ကို မိုးတိမ်တိုက်များက ဖုံးလွှမ်းထားသည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် YSES –1 Cဂြိုဟ်၏ မိုးတိမ်တိုက်များသည် ကမ္ဘာပေါ်ရှိ မိုးတိမ်တိုက်များကဲ့သို့ ရေငွေ့များဖြင့် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မဂ္ဂနီစီယမ်စီလီကိတ်ဖုန်မှုန့်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ YSES–1 C ဂြိုဟ်ပေါ်ရှိ မိုးတိမ်တိုက်များကို ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ YSES–1 ကြယ်စနစ်သည် သက်တမ်းအားဖြင့်နှစ်ပေါင်းတစ်သန်းသာရှိသေးသော သက်နုကြယ်စနစ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

HEALTH

လူငယ်များနှင့်လူလတ်ပိုင်းများကြား အူအတက်ကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာ

အမ်စတာဒမ် ဇွန် ၁၂

အသက် ၅၀ အောက် လူငယ်များနှင့် လူလတ်ပိုင်းများကြားတွင် ရှားပါးကင်ဆာရောဂါတစ်မျိုးဖြစ်သည့် အူအတက်ကင်ဆာ (Appendix Cancer) ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာကြောင်း ဇွန် ၁၁ ရက် သတင်းများအရ သိရသည်။

နယ်သာလန်နိုင်ငံ ဗင်ဒါဘီလီးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူအတက်ကင်ဆာ ရောဂါသည် အသက် ၅၀ အောက် အရွယ်လူများကြား ဖြစ်ပွားမှုနှုန်း မြင့်တက်လာကြောင်း သိရသည်။

အထူးသဖြင့် အသက် ၂၀ နှစ်နှင့် ၄၄ နှစ်ကြား လူငယ်များမှာ အူအတက်ကင်ဆာဖြစ်နိုင်ခြေ အမြင့်မားဆုံး အုပ်စုဝင်များ ဖြစ်ကြကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၅၀ အောက် လူများကြား အူအတက်ကင်ဆာဖြစ်ပွားနှုန်းမှာ ၁၉၄၀ ပြည့်နှစ်ကာလထက် ခုနှစ်ဆ ပိုမြင့်မားလာကြောင်း သိရသည်။

အဆိုပါအသက်အရွယ် များကြား ဖြစ်ပွားနှုန်း မြင့်တက်လာသော်လည်း အူအတက်ကင်ဆာမှာ ရှားပါးကင်ဆာရောဂါ တစ်မျိုး အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အူအတက်ကင်ဆာ ဖြစ်ပွားနှုန်း မြင့်တက်လာရမှု အကြောင်းတရားကို မသိရသေးသော်လည်း ပတ်ဝန်းကျင်ဆိုင်ရာပြဿနာသစ်များနှင့် ဆက်စပ်နေဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ထောပတ်ငါးဂရမ် နေ့စဉ်စားသုံးခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် ဇွန် ၁၂

ထောပတ်ကို နေ့စဉ်အနည်းဆုံးငါးဂရမ်စားသုံးခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကိုလျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဘော်စတွန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အနည်းဆုံး ထောပတ် ငါးဂရမ် (လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာ) ကို နေ့စဉ်စားပါက ပုံစံ-၂ ဆီးချိုရောဂါကို ၃၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ထောပတ် ငါးဂရမ် နေ့စဉ်စားသုံးခြင်းဖြင့် နှလုံးပြဿနာများပေါ်လာနိုင်ခြေကိုလည်း လျှော့ချနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

ထောပတ်သည် သွေးအတွင်းဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ပြီး သွေးကြောများကို ပိတ်ဆို့တတ်သော အဆီဓာတ်များကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ထောပတ်အစားအသုံးပြုသည့်မာဂျရင်းကို နေ့စဉ်စားသုံးပါက ပုံစံ-၂ ဆီးချိုနှင့် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၃၀ အထက် အမျိုးသား၊ အမျိုးသမီးဦးရေ ၂၅၀၀ ခန့် ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာ ပါဝင်ယှဉ်ပြိုင်သွားမည်

ဝါရှင်တန် ဇွန် ၁၂

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသွားမည့် U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

စကော့တီရှက်ဖလာသည် ပြီးခဲ့သည့်မေလက PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးထားသူ ဖြစ်ပြီး ဂေါက်သီးရိုက်ရာသီတစ်ခုအတွင်း အဓိကဆုဖလားနှစ်လုံးအား ဆက်တိုက်ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

လက်ရှိချန်ပီယံတစ်ဦးဖြစ်သူ အမေရိကန် ဂေါက်သီးရိုက်ကစားသမားဒီချန်ဘိုသည်လည်း ချန်ပီယံဆုအား ကာကွယ်သွားနိုင်ရေး အတွက် ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

စကော့တီရှက်ဖလာ သည် နိုင်ခြေအဆင့်(၁) ကစားသမား တစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်လည်းဖြစ်သည်။

စကော့တီရှက်ဖလာ သည် ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် အိုလံပစ်ရွှေတံဆိပ်ဆုအပါအဝင် ဆုဖလားကိုးလုံးထိ ရရှိထားသည့် ကစားသမားဖြစ်ပြီး အလားတူအောင်မြင်မှုမျိုး ဆွတ်ခူးနိုင်ရန်လည်း ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

စကော့တီရှက်ဖလာက "U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပသွားမဲ့ ဂေါက်ကွင်းဟာ ဂေါက်သီးရိုက်လောကမှာ ကစားရအခက်ဆုံး ဂေါက်ကွင်းဖြစ်ပါတယ်။ ဒါပေမဲ့လဲ ဒီဂေါက်ကွင်းမှာ ကစားခွင့်ရတဲ့ အခိုက်အတန့်တိုင်းကို ဂုဏ်ယူမိပါတယ်။ ဒီဂေါက်ကွင်းမှာက ရိုက်ချက်တိုင်း Greenway ထဲရောက်အောင်ရိုက်နိုင်ဖို့က အရမ်းကိုခက်ခဲတယ်။ Greenway ပေါ်ရောက်အောင် ရိုက်နိုင်ပြီး ဆိုရင်လဲ ရလဒ်ကောင်းဖို့သေချာတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

AFC Challenge League 2025-2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းနှစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် ဇွန် ၁၂

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကြီးမှူးကျင်းပသည့် AFC Challenge League 2025–2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပါဝင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက် အသင်းသည် AFC Challenge League 2025–2026 အုပ်စုအဆင့် ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရရှိပြီး ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အဆင့်(၂) နေရာရပ်တည်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် Preliminary Stage မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် Preliminary Stage ပွဲစဉ်အဖြစ် လာအိုလိဂ်ချန်ပီယံ EZRA FC အသင်းနှင့် သြဂုတ် ၁၂ ရက်လာအိုနိုင်ငံ၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိပါခဲ့က အုပ်စုအဆင့်တက်ရောက်ကစားခွင့် ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် AFC Challenge League 2024–2025 ပြိုင်ပွဲတွင်လည်း ဝင်ရောက်ကစားခွင့်ရရှိခဲ့ရာ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး AFC Challenge League 2025–2026 အုပ်စုအဆင့် မဲခွဲမှုကို သြဂုတ် ၂၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

STA

Stuttgart Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တေလာဖရစ်ဇ်နှင့် ရှယ်လ်တန်တို့ နိုင်ပွဲကိုယ်စီရရှိ

စတုဂတ် ဇွန် ၁၂

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပနေသည့် Stuttgart Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ် တစ်ပွဲအဖြစ် နိုင်ခြေအဆင့်(၂)အဖြစ် သတ်မှတ်ခံထားရသည့်အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ပြင်သစ်တင်းနစ်ကစားသမား ကွင်တန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တေလာဖရစ်ဇ်က (၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တေလာဖရစ်ဇ်သည် ပြိုင်ပွဲအား ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ကစားသမားဖြစ်ပြီး ကွင်တန်အား ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၇)နေရာတွင် ရပ်တည်နေသည့် တေလာဖရစ်ဇ်သည် ကွင်တန်အား အနိုင်ရခဲ့သည့်ပွဲစဉ်တွင် Ace ရိုက်ချက် ၁၂ ကြိမ်ထိရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့သည်။

ချန်ပီယံဆုအတွက် တေလာဖရစ်ဇ်၏ အဓိကပြိုင်ဘက်ဖြစ်လာနိုင်သည့် အမေရိကန်တင်းနစ်ကစားသမား ရှယ်လ်တန်သည်လည်း ဒုတိယအဆင့်တွင် ပြင်သစ် တင်းနစ်ကစားသမား ဟာဘက်ကို အနိုင်ရရှိခဲ့သည်။

ရှယ်လ်တန်က "စတုဂတ်မှာ ကျွန်တော့်ရဲ့ ပထမဆုံးနိုင်ပွဲကို ရရှိခဲ့လို့ ဝမ်းသာပါတယ်။ အနိုင်ရလဒ်နဲ့ ထိုက်တန်တဲ့ စွမ်းဆောင်ရည်မျိုး ပြသနိုင်ခဲ့တယ်လို့လဲ ခံစားမိပါတယ်။ မြက်ကွင်းမှာ ကစားရတာ တခြားကွင်းတွေနဲ့ တော့မတူဘူး။ ကျွန်တော့်အနေနဲ့ တစ်ဆင့်ထက်တစ်ဆင့် ပိုကောင်းအောင်ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

မာဆေးအသင်းက လိုင်လီအသင်း ကွင်းလယ်ကစားသမား ဂိုမက်ဇ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ

ပဲရစ် ဇွန် ၁၂

မာဆေးအသင်းသည် လိုင်လီအသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ကွင်းလယ်ကစားသမား ဂိုမက်ဇ်ကိုခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ကွင်းလယ်ကစားသမား ဂိုမက်ဇ်သည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းနှင့် စာချုပ်ကုန်ဆုံးမည်ဖြစ်ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သောကြောင့် ပရီးမီးယားလီဂ်ကလပ် မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ငြင်းပယ်ခဲ့ပြီး မာဆေးအသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂိုမက်ဇ်သည် လာမည့် ဇွန် ၃၀ ရက်တွင် လိုင်လီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် မာဆေးအသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုမည်ဟု နှစ်ဖက်သဘောတူညီမှု ရယူထားခဲ့ကြောင်း သိရသည်။

လူငယ်ကစားသမား သည် ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းမှ မန်ယူအသင်းသို့ ရောက်ရှိခဲ့ပြီး ကစားသမားအနေဖြင့် အသင်းတွင် ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသဖြင့် ၂၀၂၀ ပြည့်နှစ်တွင် လိုင်လီအသင်းသို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ ၎င်းအနေဖြင့်ပြီးခဲ့သည့်ရာသီက ဒဏ်ရာပြဿနာများကြောင့် ပွဲကစားခွင့်ကန့်သတ်ချက်ဖြင့် ကစားခဲ့ရသကဲ့သို့ လီဂူးပြိုင်ပွဲတွင် ၁၀ ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ပြီး အသင်းအတွက်

ပြိုင်ပွဲစုံ ၁၃၄ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၉ ကြိမ်ထိ ပြုလုပ်ခဲ့သည်။

ဂိုမက်ဇ်သည်ခြေစွမ်းပြကစားနိုင်မှုကြောင့် နည်းပြကာစလေလက်အောက်တွင် အင်္ဂလန်အသင်းအတွက် ပထမဆုံးအကြိမ် ပါဝင်ခွင့်ရခဲ့ပြီးနောက် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခွင့်ရရှိရန် ရည်မှန်းထားသောကြောင့် ပုံမှန်ပွဲကစားခွင့် ရရှိနိုင်မည့် မာဆေးအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက နော်ဝေကလပ် ရိုစင်ဘော့အသင်း ကွင်းလယ်ကစားသမားနိုင်ပန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- ဖရန့်ဖတ်အသင်းက ချဲလ်ဆီးအသင်း ပစ်မှတ်ထားနေသည့် တိုက်စစ်မှူး အီကီတိုက်ကို အနည်းဆုံး ပြောင်းရွှေ့ကြေး ယူရှိသန်း ၁၀၀ ရရှိမှရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မန်ယူအသင်းကလည်း အီကီတိုက်ကို ခေါ်ယူရန် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။
- ရေးဗားပလိတ် လူငယ်ကစားသမား မက်စတန်တူအိုနိုကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ရာတွင် စာချုပ်ဖျက်သိမ်းကြေးအတွက် ယူရှိတစ်ဘီလီယံထိ ထည့်သွင်းချုပ်ဆိုမည် ဖြစ်ကြောင်း သိရသည်။
- ဂါလာစာရေးအသင်းက ဘိုင်ယန်မြူးနစ်ကစားသမား ဆာနေးကို တစ်နှစ်လုပ်ခ ယူရှိ ကိုးသန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ML

နေရှင်နယ်လီဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၈)တွင် သစ္စာအားမာန်အသင်း နိုင်ပွဲရရှိ မဟာယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လီဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လီဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၈) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်း နိုင်ပွဲရရှိခဲ့ပြီး မဟာယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လီဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၈) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ဗဟန်းလေ့ကျင့်ရေးကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာ အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ခန့်ဘုန်းနိုင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

ရီးရဲလ်မက်ဒရစ်အသင်းတွင် မာဆယ်လိုဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၁၂)ကို အာနိုးဝတ်ဆင်မည်

မက်ဒရစ် ဇွန် ၁၂

လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် လီဗာပူးအသင်းမှ ရီးရဲလ်မက်ဒရစ် အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သည့် အာနိုးသည် ရီးရဲလ်မက်ဒရစ် အသင်းတွင် ဂန္ဓဝင်ကစားသမား တစ်ဦးဖြစ်သည့် မာဆယ်လိုဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၁၂)ကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အာနိုးသည် လီဗာပူးအသင်း အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကစတင်ပြီး အသင်းအတွက် ပါဝင်ကစားပေးခဲ့ကာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး နောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းက ထိပ်တန်းကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း အာနိုးကိုယ်တိုင်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာနိုးသည် လီဗာပူးအသင်းတွင်ကစားခဲ့သည့် သက်တမ်းတစ်လျှောက်တွင် ကျောနံပါတ် (၆၆) ကို ဝတ်ဆင်ကစားခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းတွင် အဆိုပါနံပါတ်ကို စပိန်လာလီဂါအဖွဲ့ချုပ်၏ စည်းမျဉ်းကြောင့် ဝတ်ဆင်ကစားခွင့်ရရှိမည် မဟုတ်သည့်အတွက် ကျောနံပါတ် (၁၂) ကို ဝတ်ဆင်သွားမည်ဖြစ်သည်။

စပိန်လာလီဂါ အဖွဲ့ချုပ်က စပိန်လာလီဂါပြိုင်ပွဲမှ ကစားသမားများကို နံပါတ်ကြီးသည့် ကျောနံပါတ်များ အသုံးပြုခွင့်မပေးထားဘဲ ကျောနံပါတ်ကို (၁)မှ (၂၅) အတွင်းသာအသုံးပြုရန် သတ်မှတ်ထားခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ်(၁၂)ကို အသင်းနှင့် အတူ ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ပြီး အောင်မြင်မှုများစွာ ဆွတ်ခူးနိုင်ခဲ့သည့် မာဆယ်လိုက ကာလရှည် ဝတ်ဆင်ကစားခဲ့ကြောင်း သိရသည်။Ref : Fabrizio Romano

Trs : STA

နွေရာသီအပြောင်းအရွှေ့ ပထမကာလအတွင်း ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် ကန်ဟာ ထိပ်ဆုံးမှရပ်တည်

ဧူးရစ် ဇွန် ၁၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ခွင့်ပြုပေးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ ပထမကာလအတွင်း ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားအဖြစ် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူးကန်ဟာက စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဇွန် ၁ ရက်မှ ၁၀ ရက်ထိ ခွင့်ပြုပေးခဲ့သည့် အပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ် ခေါ်ယူမှုပြုလုပ်ခဲ့ရာတွင် ပရီးမီးယားလီဂ် ကလပ်အသင်းများကသာ ငွေကြေးသုံးစွဲမှုအများဆုံးပြုလုပ်ခဲ့ပြီး မန်ယူအသင်းက ဝုဗ်အသင်းမှ တိုက်စစ်မှူးကန်ဟာကို ခေါ်ယူခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းထိ အသုံးပြုခဲ့ခြင်းဖြစ်သည်။

ၦင်းနောက်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဘုန်းမောက်အသင်း ခံစစ်ကစားသမား ဟူအီဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး မန်စီးတီးအသင်းက အေစီမီလန်အသင်းမှ ကွင်းလယ် ကစားသမား ရိုင်ဒါးစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၆ ဒသမ ၅ သန်းဖြင့် လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းက နိုက်အသင်းမှ ခံစစ်ကစားသမား တော့ဒီဘိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၂ ဒသမ ၈ သန်းဖြင့်လည်းကောင်း၊ မန်စီးတီးအသင်းက ဝုဗ်အသင်းမှ ခံစစ်ကစားသမားအော့တ်နူရီကိုပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၁ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ လိုင်ယွန်အသင်းမှ ချာကီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၀ ဒသမ ၉ သန်းဖြင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းက အစ်ဂှစ် တိုက်စစ်မှူး ဒီလက်ပ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်လည်းကောင်း၊ လီဗာပူးအသင်းက လေဗာကူဆင်အသင်းမှ ဖရင်ပေါင်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၉ ဒသမ ၆ သန်းဖြင့်လည်းကောင်း၊ ချဲလ်ဆီးအသင်းက ပါမီးယက်စ်အသင်းမှ ဝီလျံကို စတာလင်ပေါင် ၂၈ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ ဒှေါ့မွန်အသင်းက ဆန်းဒါးလန်းအသင်းမှ ဂျိုးဘယ်လင်ဟမ်ကို စတာလင်ပေါင် ၂၇ ဒသမ ၉ သန်းဖြင့် လည်းကောင်း အသီးသီးခေါ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ ကစားသမားများထဲတွင် တိုက်စစ်မှူးကန်ဟာက ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး မန်စီးတီးအသင်းက ကစားသမားသုံးဦးအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၆ သန်းကျော် အသုံးပြုခဲ့ကြောင်းသိရသည်။

Ref : 90min

Trs : ML

ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ချဲလ်ဆီးအသင်း ကစားသမားစာရင်းတွင် စတားလင်း၊ ဂျာအိုဖီးလစ်နှင့် ဒီဆာဆီတို့ ချန်လှပ်ခံရ

လန်ဒန် ဇွန် ၁၂

လာမည့် ဇွန် ၁၄ ရက်တွင် ကျင်းပမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ချဲလ်ဆီးအသင်းက ကစားသမား ၂၈ ဦး စာရင်းထုတ်ပြန်ခဲ့ရာတွင် တိုက်စစ်မှူး စတားလင်း၊ ဂျာအိုဖီးလစ်နှင့် ဒီဆာဆီတို့ ချန်လှပ်ခံရကြောင်း သိရသည်။

တိုက်စစ်မှူးစတားလင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းသို့ အင့ှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီးနောက် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း နည်းပြမာရက်စ်ကာက အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့သည့်အပြင် ဂျာအိုဖီးလစ်သည်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အေစီမီလန် အသင်းသို့ အင့ှားစာချုပ်စေလွှတ်ခဲ့သူဖြစ်သကဲ့သို့ ခံစစ်ကစားသမား ဒီဆာဆီသည်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အေဗီလာအသင်းသို့ အင့ှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့သူဖြစ်ပြီး အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း ဖီဖာကလပ် ကမ္ဘာ့ဖလားအသင်းလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြမာရက်စ်ကာ ထုတ်ပြန်ခဲ့သည့် ကစားသမား ၂၈ ဦး စာရင်းတွင်မကြာသေးမီကအက်ဗှစ် အသင်းမှခေါ်ယူထားသည့် တိုက်စစ်မှူး ဒီလက်ပ်အပါအဝင် အသင်းမှ ရောင်းချရန်ပြင်ဆင်ထားသည့် ဘန်ချီဝဲလ်နှင့် အန်ကူကူတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကစားသမားများမှာ ဂိုးသမားနေရာတွင် ဆန်းချက်ဇ်၊ ကျော်ဂျန်ဆန်၊ ပန်ဒါးစ်၊ ဆလိုနီနာ၊ ခံစစ်ပိုင်းတွင် ကူကူရယ်လာ၊ အဒါရာဘီအိုယို၊ ဘာဒီယာရီး၊ ကိုဝဲလ်၊ မာမာဒူဆာ၊ ချာဘိုလက်၊ ရိစ်ဂျိမ်း၊ ဂတ်စတို၊ အန်ဆန်မင်နို့၊ အာခီယမ်ပွန်၊ ကွင်းလယ်တွင် ကာစီဒို၊ ဆန်းတို့၊ လာဗီယာ၊ ဒူဘူ ရီဟော၊ အက်ဆူဂို၊ အန်ဇိုဖာနန်ဒက်၊ တိုက်စစ်ပိုင်းတွင် နက်တို၊ ဒီလက်ပ်၊ ပယ်လ်မာ၊ မာဒူခီ၊ ဂျက်ဆန်၊ အန်ကူကူ၊ ဂျော့ဂျီ၊ ဂူယူ တို့ ပါဝင်ခဲ့သည်။ Ref : Espn

Trs : ML

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိသည့် အသင်း ၁၃ သင်းထိ ရှိလာ

ဝါရှင်တန် ဇွန် ၁၂

လက်ရှိတွင် တိုက်ကြီးများ အလိုက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိနေပြီး ယခုအခါ တိုက်ရိုက်ဝင်ခွင့်ရရှိသည့်အသင်း ၁၃ သင်းရှိလာခဲ့ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည့် အမေရိကန်အသင်း၊ မက္ကဆီကိုအသင်းနှင့် ကနေဒါအသင်းတို့က တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ပြီး ဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

အလားတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အုပ်စုပွဲစဉ်များမပြီးဆုံးမီ သမဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်အသင်းက ခြေစစ်ပွဲအောင်မြင်ကာ ဝင်ရောက်ခွင့်ရရှိထားပြီး အာရှဇုန်မှ ဂျပန်အသင်း၊ အီရန်၊ ဩစတြေးလျ၊ တောင်ကိုရီးယားအသင်းနှင့်အတူ ဥဇဘတ်ကစ္စတန်အသင်းနှင့် ဂျော်ဒန်အသင်းတို့ကလည်း အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

အလားတူ တောင်အမေရိကဇုန်တွင်လည်း ခြေစစ်ပွဲအုပ်စုပွဲစဉ်များမပြီးဆုံးမီ လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနှင့် အတူ ဘရာဇီးအသင်းနှင့် အီကွေဒေါ အသင်းတို့ ခြေစစ်ပွဲများ အသီးသီး အောင်မြင်ကာ ဝင်ရောက်ခွင့်ရရှိထားပြီး အာဖရိကဇုန်နှင့် ဥရောပဇုန်မှ အသင်းများအနေဖြင့် ခြေစစ်ပွဲအောင်မြင်သည့် အသင်းမထွက်ပေါ်လာသေးကြောင်း သိရသည်။ Ref : B/R Football

Trs : STA

ပူဇော်ထိုက်သူကို ပူဇော်ရခြင်းမင်္ဂလာ

ဘုန်းသန့်စင်

ပူဇော်ထိုက်သူ

ပူဇာစပူဇနေယျာနံဇတံမင်္ဂလမုတ္တမံ- ပူဇော်ထိုက်သူကိုပူဇော်ရခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟုမြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။ **"ပူဇော်ဆိုသည်မှာ ရိုသေမြတ်နိုးစွာဆက်ကပ်သည်" ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။** ပူဇော်ထိုက်သူကို ဆည်းကပ်ပူဇော်ခြင်းဆိုသည်မှာ မိမိဘဝလမ်းကြောင်းကို ကောင်းမွန်ရာသို့ လမ်းညွှန်ပြသဆိုဆုံးမနိုင်သူတို့ကို ဆည်းကပ်ပူဇော်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အကြောက်တရားဖြင့် မိမိတို့စိတ်သန်ရာကိုပူဇော်ပသခြင်းသည်ကား ပူဇော်ထိုက်သူကိုပူဇော်ခြင်းဟုမဆိုနိုင်ပေ။ မြတ်ဗုဒ္ဓက ဘုရား၊ တရား၊ သံဃာ စသည့် ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါးကို ကိုးကွယ်ဆည်းကပ်ပူဇော်ခြင်းသည် မြတ်သောကိုးကွယ်ပူဇော်ခြင်းဖြစ်ပြီး ကိုးကွယ်ရာအမှန်ကို ကိုးကွယ်ဆည်းကပ်ပူဇော်သူသည် သစ္စာလေးပါးမြတ်တရားကိုပင် သိနိုင်ပြီး သံသရာမှ လွတ်မြောက်နိုင်ကြောင်း ဟောကြားခဲ့သည်။

သံသရာခရီးကလွတ်လမ်းပြသူ

လောကလူသားတို့သည် မိမိတို့၏ ရင်တွင်းစိတ်အခံအရဖြစ်တည်လာသည့် ဆန္ဒနှင့် ပတ်ဝန်းကျင်၏ စေ့ဆော်မှုတို့ကိုလိုက်ပါ ဆောင်ရွက်မိတတ်ကြသည်။ ကောင်းမှုမကောင်းမှုတို့ကို ခွဲခြားဝေဖန်နိုင်စွမ်းမရှိဘဲပြုလုပ်မိတတ်ကြသည့် အရာများသည် အမှားဘက်သို့ ဦးတည်တတ်သဖြင့် မကောင်းမှုဟူသမျှ ဝေးဝေးကရှောင်တတ်သည့် အသိ၊ ကောင်းမှုဟူသမျှကို လက်မလွတ်စတမ်းဆောင်ရွက်လိုသည့် အသိနှင့် စိတ်ထားဖြူစင်သန့်ရှင်းမွန်မြတ်ခြင်းတို့ ဖြစ်ပေါ်လာအောင် စွမ်းဆောင်သင်ပြပေးနိုင်သူသည် ဘုရားတည်းဟူသောရတနာတစ်ပါးပင်ဖြစ်သည်။ အလုံးစုံသောအရာမှန်သမျှကို ဘဝနေနည်းများနှင့် ချိန်ဆညှိနှိုင်းကာသင်ကြားပြသပေးနိုင်သည့် မြတ်ဗုဒ္ဓသည် ဘဝအတွက် မမေ့အပ်သောပူဇော်ထူးကိုခံယူထိုက်သူဖြစ်သည်။

သတ္တဝါတို့ကို ကြီးပွားချမ်းသာရာနည်းလမ်းကောင်းများကို ပြသဆုံးမတတ်ပြီး မကောင်းမှုဒုစရိုက်များပြုလုပ်ခြင်းမှ ကင်းဝေးစေတတ်သည့် အသိများကို လမ်းပြဆုံးမတတ်သူကိုပူဇော်ဆည်းကပ်ခြင်းသည် ဘဝအတွက် ကောင်းခြင်းမင်္ဂလာများကိုသာဖြစ်စေသည်။ မြတ်ဗုဒ္ဓသည် လောကလူသားများအတွက် ဘဝအမှားများကိုဆောင်ရွက်မိခြင်းမရှိစေရအောင် လမ်းပြတတ်သူ၊ သံသရာခရီးမှ လွတ်ရာလမ်းကိုမှန်ကန်စွာပြသတတ်သူဖြစ်သဖြင့် မပြတ် ဆည်းကပ်ပူဇော်ရမည်ဖြစ်သည်။ ဒုက္ခခပ်သိမ်းမှ လွတ်မြောက်နိုင်သောနည်းလမ်းများကို သိရှိကာဒုက္ခခပ်သိမ်းကင်းငြိမ်းပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုသည့် ဘဝထူးကိုရနိုင်ရုံသာမက မဂ်ဖိုလ်နိဗ္ဗာန်သို့တိုင်အောင် မျက်မှောက်ပြုနိုင်သည့်အတွက် အနှိုင်းမဲ့ပူဇော်ရာပင်ဖြစ်ပေသည်။

ဘဝအေးချမ်းရာ

ဓမ္မရတနာဆိုသည်မှာ မြတ်ဗုဒ္ဓက လောကကောင်းကျိုးအတွက် ဦးတည်ဟောကြားထားသည့် တရားများကိုစုစည်းထားသည့် ပူဇော်ရာတစ်ခုပင်ဖြစ်သည်။ တရားဆိုသည်မှာမှန်ကန်မျှတသောအရာဖြစ်သကဲ့သို့ လူ့ဘဝအတွက် အရေးကြီးသည့်အရာများကိုအကျိုးသင့် အကြောင်းသင့် ရှင်းလင်းပြသသည့် ရတနာတစ်ပါးပင်ဖြစ်သည်။ "ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏" ဆိုသကဲ့သို့ပင် မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို နေ့စဉ်နေ့တိုင်းနာကြားသူ၏ စိတ်အစဉ်သည် အညစ်အကြေးတို့ ကင်းစင်ပြီး ကြည်လင်နေမည်သာဖြစ်သည်။

ဓမ္မသဝနသုတ်တွင် မြတ်စွာဘုရားရှင်က တရားရတနာကိုပူဇော်ရာအဖြစ် အသိအမှတ်ပြုကာတရားဓမ္မများကိုနာကြားသူများအတွက် မကြားဖူးသည်ကို ကြားနာရခြင်း၊ ကြားဖူးသည်ကို ပိုမိုရှင်းလင်းစွာသိစေနိုင်ခြင်း၊ ယုံမှားသံသယဖြစ်မှုများမှ လွတ်မြောက်နိုင်ခြင်း၊ အယူကိုဖြောင့်မတ်စွာပြုနိုင်ခြင်း၊ စိတ်ကြည်လင်လန်းဆန်းစေခြင်း စသည့်အကျိုးတရားငါးပါးရနိုင်သည်ဟု ဟောကြားခဲ့သည်။ ဘုရားရှင်ဟောကြားခဲ့သည့် တရားရတနာများသည် ဘဝနေနည်းများအပါအဝင် လူ့ဘဝတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲစိန်ခေါ်မှုများကိုဖြေရှင်းနိုင်သည့်နည်းလမ်းများကိုပါရရှိနိုင်သဖြင့် တရားရတနာကို ပူဇော်ရာအဖြစ် ဆည်းကပ်ပူဇော်သင့်ပေသည်။

ဆည်းကပ်ပူဇော်

ဘုရားတပည့်သား ရဟန်းသံဃာများသည် ဘုရားရှင်ဟောကြားသည့် တရားရတနာများကို လက်ကိုင်ထားကာ ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ သံသရာခရီးမှ လွတ်လမ်းကိုရှာဖွေနေကြသူများဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း သံသရာတွင်ကျင်လည်နေကြသည့် လူသားသတ္တဝါတို့ကိုနိဗ္ဗာန်လမ်းကြောင်းသို့ရောက်နိုင်သည့် တရားဓမ္မများကိုပြန်လည် ဟောကြားသူများဖြစ်သည်။ သံဃာတော်အရှင်သူမြတ်များသည် လောဘ၊ ဒေါသ၊ မောဟစသည့် ကိလေသာတရားတို့ကင်းစင်၍ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော တရားတော်မြတ်တို့နှင့်သာ ပျော်မွေ့နေကြသူများဖြစ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို ကိုးကွယ်ဆည်းကပ်ပူဇော်ခြင်းဖြင့် လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးကျေးဇူးများကို ရနိုင်မည်ဖြစ်သည်။

ရာဇဂြိုဟ်ပြည်ရှိသူဌေးတစ်ဦး၏ အိမ်အနောက်တွင် နေထိုင်ရသောပုဏ္ဏအမည်ရှိသူရင်းငှားသည် လယ်ထွန်ဆင်းနေသည့်အချိန်တွင် အရှင်သာရိပုတ္တရာကိုဖူးတွေ့ရစဉ် မျက်နှာသစ်တော်ရေနှင့် တံပူကိုဆက်ကပ်လှူဒါန်းလိုက်လေသည်။ ပုဏ္ဏထံသို့ ထမင်းပို့ရန်လာသော ဇနီးဘာရိတာသည်လည်း ထမင်းပို့ရန်လာစဉ် အရှင်သာရိပုတ္တရာကိုဖူးတွေ့ရသဖြင့် ခင်ပွန်းသည်အတွက် ယူဆောင်လာသည့် ထမင်းကိုလှူဒါန်းလိုက်ပြန်သည်။ ဘာရိတာအနေဖြင့် အိမ်သို့တစ်ဖန်ပြန်၍ ထမင်းချက်ရသဖြင့် ထမင်းပို့နောက်ကျနေသည်ကို ပုဏ္ဏလုလင်က စိတ်မဆိုးဘဲ အရှင်သာရိပုတ္တရာကို လှူဒါန်းရလိုက်သဖြင့် ပီတိဖြစ်ခဲ့ရသည်။ အရှင်သာရိပုတ္တရာရဟန္တာ အရှင်မြတ်ကို သဒ္ဓါကြည်ဖြူစွာဆွမ်းလှူဒါန်းပူဇော်ရသောအကျိုးကြောင့် ပုဏ္ဏထွန်ခဲ့သော မြေစိုင်၊ မြေခဲအားလုံး ရွှေတုံးများအဖြစ်သို့ ကူးပြောင်းသွားသည်။ ပူဇော်ထိုက်သူကို ဆည်းကပ်ပူဇော်လှူဒါန်းရခြင်းဖြင့် လက်ငင်းဒိဋ္ဌအကျိုးကျေးဇူးရရှိခြင်းပင်ဖြစ်သည်။

မိခင် ဖခင် ကျေးဇူးရှင်

လောကဌ် ဘုရား၊ တရား၊ သံဃာရတနာ မြတ်သုံးပါးသည် လူသားတို့အတွက် ကိုးကွယ်ပူဇော်ရာဖြစ်သကဲ့သို့ပင် လက်ဦးဆရာမည်ထိုက်စွာ ထမင်းပို့နောက်ကျနေသည်ကို ပုဏ္ဏလုလင်က စိတ်မဆိုးဘဲ အရှင်သာရိပုတ္တရာကို လှူဒါန်းရလိုက်သဖြင့် ပီတိဖြစ်ခဲ့ရသည်။ အရှင်သာရိပုတ္တရာရဟန္တာ အရှင်မြတ်ကို သဒ္ဓါကြည်ဖြူစွာဆွမ်းလှူဒါန်းပူဇော်ရသောအကျိုးကြောင့် ပုဏ္ဏထွန်ခဲ့သော မြေစိုင်၊ မြေခဲအားလုံး ရွှေတုံးများအဖြစ်သို့ ကူးပြောင်းသွားသည်။ ပူဇော်ထိုက်သူကို ဆည်းကပ်ပူဇော်လှူဒါန်းရခြင်းဖြင့် လက်ငင်းဒိဋ္ဌအကျိုးကျေးဇူးရရှိခြင်းပင်ဖြစ်သည်။

မိခင် ဖခင် ကျေးဇူးရှင်

လောကဌ် ဘုရား၊ တရား၊ သံဃာရတနာ မြတ်သုံးပါးသည် လူသားတို့အတွက် ကိုးကွယ်ပူဇော်ရာဖြစ်သကဲ့သို့ပင် လက်ဦးဆရာမည်ထိုက်စွာ ပူဇော်ရာတာမြတ်ဆရာ

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ။" ဆိုသည်နှင့်အညီ ဘဝလမ်းခရီးအတွက် အလွန်အဖိုးတန်သည့် အသိပညာ၊ အတတ်ပညာများကိုစေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကို အခြေခံ၍ သင်ကြားပေးသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများသည် ဘဝအတွက် ဆည်းကပ်ပူဇော်သင့်သည့် မြတ်သောပုဂ္ဂိုလ်များပင်ဖြစ်သည်။ ဘဝအဓိပ္ပာယ်ကိုပြည့်ဝစွာနားလည်မှုမရှိသေးသည့် အရွယ်တွင် စာရေး၊ စာဖတ်အတတ်ပညာအပါအဝင် မကောင်းမှုကောင်းမှုတို့ကို ခွဲခြားတတ်သည့် ဘဝနေနည်းအတတ်ပညာများကိုပါ သင်ကြားပေးသည်ကလည်း ဆရာများပင်ဖြစ်သည်။ မေတ္တာအနန္တဖြင့် အသိပညာအတတ်ပညာများကို သင်ကြားပြသခဲ့သလို အရွယ်ရောက်သည့်အချိန်တွင်လည်း မှန်ကန်မျှတစွာ ဘဝအောင်မြင်မှုကိုရနိုင်သည့် နည်းပေးလမ်းပြပြုပေးကြသည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာများသည် ပူဇော်ထိုက်သူများသာဖြစ်သည်။

လူတို့သည် မွေးဖွားစဉ်ကတည်းက ပညာရှိလူလိမ္မာအဖြစ်လည်းကောင်း၊ လူမိုက်အဖြစ်လည်းကောင်း မွေးဖွားလာခဲ့ခြင်းမဟုတ်ပေ။ မကောင်းသောပတ်ဝန်းကျင်နှင့် တွေ့ဆုံကြုံတွေ့ရသည့်အခါတွင် လူဆိုးဘဝသို့ ရောက်ကြရသည်။ ထိုကဲ့သို့ လူဆိုးများမဖြစ်စေဘဲ လူမှုပတ်ဝန်းကျင်ကိုအကျိုးပြုသည့် လူတော်လူကောင်းများဖြစ်လာစေရေး ပဲ့ပြင်ဆုံးမပေးသည့် ထာဝရကျေးဇူးရှင်များသည် ပူဇော်ထိုက်သူဆရာများပင်ဖြစ်သည်။ **"ညီညာထက္ပြ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။"** ဆိုသည့် တပည့်ကျင့်ဝတ်ငါးပါးတို့ကို လက်ကိုင်ထား၍ ကျေးဇူးရှင်ဆရာများကို တပည့်များက ထာဝရပူဇော်ဆည်းကပ်ကြရမည်သာဖြစ်သည်။

အကျိုးကျေးဇူးအနန္တ

ရတနာမြတ်သုံးပါးနှင့် မိဘ၊ ဆရာတို့သည် ဘဝအတွက် ပူဇော်ရာအထူးပင်ဖြစ်သကဲ့သို့ မိမိတို့ထက် တစ်ရက် တစ်မနက်ကြီးသူ၊ သီလသမာဓိနှင့် ပြည့်စုံသူများသည်လည်း အရှိအသေပြုပူဇော်ထိုက်သူများပင်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း မိမိတို့ထက် တစ်ရက် တစ်မနက်ကြီးသူ၊ သီလသမာဓိနှင့် ပြည့်စုံသူများကို ပူဇော်ထိုက်သူအဖြစ် သတ်မှတ်သင့်ပေသည်။

၃၈ ဖြာမင်္ဂလာတရားတော်များကို ထာဝရ လက်ကိုင်ထားသည့် လူငယ်များအနေဖြင့် ဘဝတစ်လျှောက်လုံးတွင် ဘေးရန် ကင်းဝေး၍ ချမ်းသာခြင်းဆုလာဘ်ကိုရယူနိုင်ရေးအတွက် ပူဇာစပူဇနေယျာနံဆိုသည့် ပူဇော်ထိုက်သူများကို ပူဇော်ခြင်းမင်္ဂလာကိုပြည့်စုံအောင် ကြိုးစားရမည်ဖြစ်သည်။ ကိုးကွယ်ဆည်းကပ် ပူဇော်ထိုက်သူကိုပူဇော်ခြင်းဖြင့် မိမိဘဝအတွက် အရေးကြီးသည့် အသိတရား နှင့် အကျိုးထူးများကိုပါ ရနိုင်မည်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာ ဆိုသည့် ရတနာမြတ်သုံးပါးကို အစဉ်ဦးထိပ်ထား၍ ဘဝအမှားများကိုဖယ်ရှားပေးနိုင်သည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များကို ထာဝရ ပူဇော်ဆည်းကပ်ခြင်းဖြင့် ဘဝတိုးတက်နိုင်ကြပါစေကြောင်း ဖော်ပြလိုက်ရသည်။

ကိုးကား

- **ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

❖လူတို့သည် မွေးဖွားစဉ်ကတည်းက ပညာရှိလူလိမ္မာအဖြစ်လည်းကောင်း၊ လူမိုက်အဖြစ်လည်းကောင်း မွေးဖွားလာခဲ့ခြင်းမဟုတ်ပေ။ မကောင်းသောပတ်ဝန်းကျင်နှင့် တွေ့ဆုံကြုံတွေ့ရသည့်အခါတွင် လူဆိုးဘဝသို့ ရောက်ကြရသည်။ ထိုကဲ့သို့ လူဆိုးများမဖြစ်စေဘဲ လူမှုပတ်ဝန်းကျင်ကိုအကျိုးပြုသည့် လူတော်လူကောင်းများဖြစ်လာစေရေး ပဲ့ပြင်ဆုံးမပေးသည့် ထာဝရကျေးဇူးရှင်များသည် ပူဇော်ထိုက်သူဆရာများပင်ဖြစ်သည်။ "ညီညာထက္ပြ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။"ဆိုသည့် တပည့်ကျင့်ဝတ်ငါးပါးတို့ကို လက်ကိုင်ထား၍ ကျေးဇူးရှင်ဆရာများကို တပည့်များက ထာဝရပူဇော်ဆည်းကပ်ကြရမည်သာဖြစ်သည်။ ❖

ဇွန် ၁၃ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည့် မာယာကျား ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲ ပြုလုပ်

ရန်ကုန် ဇွန် ၁၂

ဇွန် ၁၃ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည့် မာယာကျား ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲအခမ်းအနားကို ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင်ညီနန္ဒထံမှသိရသည်။

မာယာကျား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဇေယျတုနှင့် သက်ထင်တို့က ရေးဖွဲ့ထားကြပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ရာဇဝင်ကိုနှင့် မင်းကိုစိုး(နတ်သံကွင်း)တို့က ရေးသားထားကာ ဒါရိုက်တာ ရာဇဝင်ကိုက မာတာမြတ်မိခင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက သရုပ်ဆောင်တွေ တော်တော်များများပါတယ်။ ထက်အောင်ရှိုင်း၊ ညီထွဋ်ခေါင်၊ တိုင်ရွန်၊ ကိုခင်လှိုင်နဲ့ ကိုရန်အောင်လဲပါတယ်။ နောက် ခြူးလေး၊ ဝေလာရီ၊ ယမုံမြင့်မြတ် သူတို့နဲ့ ကိုယ်တို့က ဟာသပုံစံလေးပုံဖော်ထားကြတာပါ။ လေယာဉ်ပျက်ကျပြီးတော့ ကျွန်းလေးတစ်ကျွန်းပေါ် ရောက်လာကြတဲ့ ဇာတ်လေးလုပ်ခဲ့တာကြေပါ။ အကုန်လုံးက ကိုယ့်ကာရိုက်တာကို ပီပြင်ဖို့ လုပ်ရင်း ပျော်ပျော်ရွှင်ရွှင်ပေါ့ပေါ့ပါးပါးနဲ့ ဟာသဇာတ်လေးပါ" ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

မာယာကျား ရုပ်ရှင်ဇာတ်ကားတွင် ရန်အောင်၊ တိုင်ရွန်၊ ညီထွဋ်ခေါင်၊ ထက်အောင်ရှိုင်း၊ ညီနန္ဒ၊ ခင်လှိုင်၊ ခြူးလေး၊ ဝေလာရီ၊ ယမုံမြင့်မြတ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Being Heumann ဇာတ်ကားဌ် မင်းသား မာ့ရပ်ဖာလို ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၁၂

Apple Original ရုပ်ရှင်၏ Being Heumann ဇာတ်ကားဌ် မင်းသား မာ့ရပ်ဖာလို ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်ဟု ဇွန် ၁၁ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

Being Heumann ဇာတ်ကားသည် အမေရိကန်အမျိုးသမီး မသန်စွမ်းသူများ အခွင့်အရေး လှုပ်ရှားသူ ဂျူဒီဟူးမင်း၏ ဘဝမှတ်တမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားမာ့ရပ်ဖာလိုသည် ဗြိတိသျှ ရုပ်ရှင်မင်းသမီးရှမာဒီလေနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Being Heumann ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ စီယန်ဟီဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Being Heumann ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ စီယန်ဟီဒါနှင့်ဇာတ်ညွှန်းရေးဆရာမ ရေဘက်ကာတောဆစ်တို့ ပူးတွဲရေးသားထားသည်။

ၛင်းဇာတ်ကားရိုက်ကူးမည့် ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို Apple Original ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

တေးရေး၊ တေးဆို မိစန္ဒီ၏ VIVID တေးသီချင်း MV မိတ်ဆက်ပွဲ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပ

ရန်ကုန် ဇွန် ၁၂

တေးရေး၊ တေးဆို မိစန္ဒီ၏ VIVID တေးသီချင်း MV(Music Video) မိတ်ဆက်ပွဲကို ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေး အဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ကြောင်း တေးရေး၊ တေးဆို မိစန္ဒီက ပြောပြ၍ သိရသည်။

VIVID အမည်ရှိ တေးသီချင်း MV တွင်ပါရှိသည့် တေးသီချင်းများကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးစပ်သီဆိုထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဇာခြည်စောနိုင်က ဖန်တီးပုံဖော်ရိုက်ကူးပေးထားကာ မိစန္ဒီနှင့်သရုပ်ဆောင်များစွာပါဝင်ကာ တေးသရုပ်ဖော်ထားကြောင်း သိရသည်။

"ဒီသီချင်းက မနှစ်ကလုပ်ခဲ့တဲ့ International Artists Project Album ထဲက သီချင်းပါ။ ကမ္ဘာရဲ့ ၈၀ ရာခိုင်နှုန်းဖြစ်တဲ့ နိုင်ငံပေါင်း ၁၅၇ နိုင်ငံက Artist တွေ ပါဝင်ထားကြတာပါ။ မိစန္ဒီကတော့ မြန်မာနိုင်ငံက Artist တစ်ယောက် အနေနဲ့ပါဝင်ထားတာမို့ ကိုယ်တိုင် ရေးထားတဲ့ သီချင်းလေးပါ။ စိတ်ဓာတ်ကျတဲ့ အချိန်တွေ တော်တော်များများရှိခဲ့ပြီး အခုမှ ပြန်ပြီး မိစန္ဒီ Comeback အနေနဲ့ပြန်လာတဲ့ သီချင်းလို့လဲ ပြောလို့ရပါတယ်။ မိစန္ဒီရဲ့ တကယ် ခံစားပြီး ပြောချင်နေတဲ့ စကားတွေ၊ ကိုယ့်ကိုယ်ကိုယ်ပြောချင်တဲ့ Affirmation တွေကို ရေးထားတာ ဖြစ်လို့ မိစန္ဒီရဲ့ Comeback အနေနဲ့ Special Single Track အနေနဲ့ ပရိသတ်ကိုပေးချင်တာကော ပြီးတော့ တခြားနိုင်ငံက Artist တွေ ပရိသတ်တွေ နားထောင်ကြည့်ရင်လဲ Quality ကောင်းအောင် သေချာအချိန်ယူပြီး တတ်စွမ်းသလောက် လူအား၊ ငွေအား၊ ဦးနှောက်အားတွေ အများကြီးစိုက်ထုတ်ထားပါ တယ်"ဟု တေးရေး၊ တေးဆို မိစန္ဒီက ပြောပြသည်။

အဆိုပါ တေးသီချင်း MV မိတ်ဆက်ပွဲသို့ တေးသံရှင် ဖြိုးပြည့်စုံ၊ အောင်ထက်၊ သားသား၊ နီနီခင်ဧော်၊ ဂျူဝယ်၊ ဟိဏ်းသစ်တို့နှင့်အတူ မိစန္ဒီ၏ အမာခံ ပရိသတ် Fan များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ASH

Love of Your Life ဇာတ်ကားတွင် မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာ ပါဝင်မည်ဖြစ်

နယူးယောက် ဇွန် ၁၂

Amazon MGM ၏ Love of Your Life ဇာတ်ကားဌ် မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်ဟု သိရသည်။

Love of Your Life ဇာတ်ကားတွင် မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာသည် မင်းသမီးမာဂရက်ကွာလေနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာသည် The White Lotus ရုပ်သံဇာတ်လမ်းတွဲဖြင့် အောင်မြင်လာသည့်မင်းသားဖြစ်သည်။

Love of Your Life ဇာတ်ကားကို ဒါရိုက်တာ ရာချယ်မောရစ်ဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ဂျူလီယာကော့က ရေးသားပေးထားသည်။

Love of Your Life ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM က လျှို့ဝှက်ထားဆဲဖြစ်သည်။

Love of Your Life ဇာတ်ကား ရုံတင်ပြသမည့် ရက်ကိုလည်း Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ယူနီဗာဆယ်ကုမ္ပဏီ၏ Snoop Dogg အတ္ထုပ္ပတ္တိဇာတ်ကားဌ် မင်းသား ဂျိုနာသန်ဒါးဗစ် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၁၂

ယူနီဗာဆယ်ကုမ္ပဏီ၏ Snoop Dogg အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားဌ် မင်းသား ဂျိုနာသန်ဒါးဗစ်က ကမ္ဘာကျော် အမေရိကန်ရက်ပါ Snoop Dogg အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်ဟု သိရသည်။

မင်းသား ဂျိုနာသန်ဒါးဗစ်သည် Outer Banks ဇာတ်ကားဖြင့် ထင်ရှားလာသော သရုပ်ဆောင်ဖြစ်ကြောင်း သိရသည်။

Snoop Dogg ဇာတ်ကားတွင် ရက်ပါ Snoop Dogg အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ဟစ်ဟော့ဂီတ လောကတွင်းသို့ ရောက်ရှိလာပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသည့် Snoop Dogg အတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဘရီဝါက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားဌ် ရက်ပါ Snoop Dogg ကိုယ်တိုင်ထုတ်လုပ်သူတစ်ဦးအဖြစ် ပါဝင်မည်ဖြစ်ကြောင်း ယူနီဗာဆယ်ကုမ္ပဏီက ထုတ်ပြန်ထားသည်။

လက်ရှိတွင် Snoop Dogg ဇာတ်ကားရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

SAC Chairman Prime Minister Senior General Min Aung Hlaing sends message of condolence to Her Excellency Smt. Droupadi Murmu, President of the Republic of India, expressing his sorrow over the loss of many lives due to the crash of Indian airline flight AI-171

Nay Pyi Taw June 12

Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing sent a message of condolence to Her Excellency Smt. Droupadi Murmu, President of the Republic of India, expressing his sorrow over the loss of many lives due to the crash of Indian airline flight AI-171 near Ahmedabad, India, today.

The message stated: We are deeply saddened to learn that Air India flight AI-171 crashed near Ahmedabad, the Republic of India, on 12 June 2025, resulting in a significant loss of life. At this sorrowful time, on behalf of the Government and people of Myanmar, I extend our heartfelt condolences and sympathies to Your Excellency and the people of India. We stand in solidarity with the Republic of India during this difficult time. Our thoughts and prayers are with the victims, their families, and all those affected by this tragic incident. We continue to hold them in our hearts with deepest sympathy and respect. 100

Chairman
State Administration Council
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI-171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi

SAC Chairman Prime Minister Senior General Min Aung Hlaing sends message of condolence to Prime Minister of the Republic of India Shri Narendra Modi, expressing deep sorrow over the loss of many lives due to the crash of Indian airline AI-171

Nay Pyi Taw June 12

Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing sent a message of condolence to Prime Minister of the Republic of India Shri Narendra Modi, expressing deep sorrow over the loss of many lives due to the crash of Indian airline AI-171 near Ahmedabad, India, today.

The message mentioned: We are deeply saddened to learn that Air India flight AI-171 crashed near Ahmedabad, Republic of India, on 12 June 2025, resulting in the tragic loss of many lives. At this sorrowful time, on behalf of the Government and people of Myanmar, I would like to express our heartfelt condolences and sympathy to the bereaved families and the people of India. We send our thoughts and prayers to all those who lost their lives, to their families, and to everyone affected by this tragic incident. During this time of grief, Myanmar stands in solidarity with the Republic of India and continues to hold deep respect and affection for Your Excellency and the people of India. 100

Prime Minister
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI-171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Wetlet Township harvests over 2,000 acres of summer sesame

Farmers harvesting summer sesame.

Wetlet June 12

A total of 2,531 acres of summer sesame have been harvested during this year's summer crops planting season in Wetlet Township, Shwebo District, Sagaing Region, according to the statistics of the Department of Agriculture for Wetlet Township.

Wetlet Township has been able to plant 64,171 acres of summer sesame this year, and the summer sesame fields have been harvested since May this year. So far, 2,531 acres have been harvested, yielding 17.25 baskets per acre.

"This year's summer crops planting season, Wetlet Township has planted more than 60,000 acres of sesame. 2,531 acres of the planted sesame have been harvested. Harvesting is ongoing. Currently, we have expanded the area of summer sesame beyond the target. We are also working to expand the area of sesame, improve yields, and cultivate with GAP techniques," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

The Township Agriculture Department is educating farmers in Wetlet Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good varieties and high-yielding varieties. 206

U.S. may extend July 8 deadline for trade talks

New York June 12

The United States may extend a self-defined deadline for the government to land trade deals with a big number of trading partners, President Donald Trump said on Wednesday.

Trump voiced willingness to extend the deadline of July 8 in a bid to reach trade deals with its main trading partners. But he said he didn't believe it would be necessary.

Trump said that trade talks are underway with around 15 trading partners including South Korea, Japan and the EU.

Meanwhile, U.S. Treasury Secretary Scott Bessent Wednesday told lawmakers that Trump is "highly likely" to push back the deadline so as to proceed ahead with trade talks and get deals done with its top trading partners.

There are 18 major trading partners engaged in trade negotiations with the United States, according to Bessent.

The United States would send out letters to dozens of other trading partners in one or two weeks with outlined terms of trade deals, which could be agreed or rejected, said Trump.

The Trump administration is scrambling to hold trade talks with dozens of trading partners at the same time. Only a deal with Britain was announced in May.

Xinhua

Myaungmya targets 2,600 acres of kitchen crops in monsoon season with farmer support

Myaungmya June 12

In Ayeyawady Region, Myaungmya District, the Myaungmya Township Agriculture Department plans to cultivate 2,600 acres of kitchen crops during this year's monsoon season, according to Daw Khin Htay Myint, head of the District Agriculture Department.

In Myaungmya Township, the planting of 2,600 acres of kitchen crops for this year's monsoon season will begin in the second week of June. To ensure the target is met, the Agriculture Department is conducting farmer education programs.

"This monsoon season, we have planned to cultivate 2,600 acres of kitchen crops. We are collaborating with farmers to meet the target. We are also assisting in pest control, improving yield, and ensuring chemical-free produce. Before cultivation, the Agriculture Department provides support in seeds, marketable varieties, techniques, and other resources," said Daw Khin Htay Myint.

Photo shows a vegetable plantation.

This year, Myaungmya Township will also grow a variety of monsoon crops, including cauliflower, taro, cilantro, radish, yardlong beans, cabbage, eggplant, bottle gourd, sponge gourd, zucchini, roselle, bitter gourd, and winged beans.

To ensure successful cultivation, protect crops from pests, and prevent damage from natural disasters and other factors, the Township Agriculture Department will continue providing on-field guidance and farmer education—from planting to harvest. Kyaw Kyaw Lin

Air India plane with 242 people onboard crashes near airport in India's Gujarat

New Delhi June 12

An Air India flight to London with 242 people on board, including two pilots and 10 cabin crew members, crashed Thursday shortly after takeoff from an airport in the western Indian state of Gujarat, officials said.

The flight took off from the Sardar Vallabhbhai Patel International Airport in Ahmedabad, about 17 km south of Gandhinagar, the capital city of Gujarat.

According to Air India, the Boeing 787-8 aircraft departed from Ahmedabad at 13:38 local time and was carrying 242 passengers and crew members.

"Of these, 169 are Indian nationals, 53 are British nationals, one Canadian national and seven Portuguese nationals," the airline said.

Air India has expressed condolences to the families of all those affected by this devastating event.

"With profound sorrow, I confirm that Air India Flight 171 operating Ahmedabad-London Gatwick was involved in a tragic accident today. Our thoughts and deepest condolences are with the families and loved ones of all those affected by this devastating event," N Chandrasekaran, chairman of Air India, said in a statement.

Xinhua

People look at the debris of an Air India plane crashed in Ahmedabad of India's Gujarat state, June 12, 2025.

Myaung Township harvests over 1,500 acres of summer paddy

Myaung June 12

A total of 1,524 acres of summer paddy have been harvested in Myaung Township, Sagaing District, Sagaing Region, during the summer crops planting season this year, according to the Department of Agriculture for Sagaing District.

Myaung Township has been able to plant 2,712 acres of summer paddy this year, and the summer paddy fields have been harvested since May this year. Up to now, 1,524 acres have been harvested, with an output of 84.02 baskets per acre.

"Myaung Township has planted 2,712 acres of summer paddy this year during the summer crop planting season. These planted paddy fields are currently being harvested. More than 1,500 acres have been harvested to date. Summer paddy cultivation can be expanded beyond the target acres. We provided farmers with agricultural technology, provided awareness on pest control, ensured that crops are not damaged, and informed them to bring the harvested paddy under shelter on time," said Daw Thida Lwin, head of the Department of Agriculture for Sagaing District. 206

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ KJ-500 လေယာဉ်များရောင်းချရန် ဆွေးနွေးညှိနှိုင်းနေ

တရုတ်နိုင်ငံသည် Shaanxi KJ-500 ဝေဟင်ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေး(AEW&C) လေယာဉ်ကို ပါကစ္စတန်နိုင်ငံသို့ရောင်းချရန် တရားဝင်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း ပါကစ္စတန်နိုင်ငံအစိုးရက ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်တွင် ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပါကစ္စတန်သည် ၎င်း၏ လေကြောင်းစောင့်ကြည့်ထောက်လှမ်းမှုနှင့် တိုက်ပွဲဝင်စီမံခန့်ခွဲမှုစွမ်းရည်များကို ချဲ့ထွင်ရန် ကြိုးပမ်းနေသောကြောင့် ဤကြေညာချက်သည် ဒေသတွင်းကာကွယ်ရေးအခင်းအကျင်းတွင် သိသာထင်ရှားသောဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ဟု မှတ်ယူနိုင်ကြောင်း သိရသည်။

KJ-500 ရောင်းချပေးနိုင်ရေးဆွေးနွေးညှိနှိုင်းမှုများနှင့်အပြိုင် တရုတ်နိုင်ငံ၊ ကာကွယ်ရေး အာဏာပိုင်များသည် ပါကစ္စတန်နိုင်ငံသို့ ပဋ္ဌမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ် အစင်း ၄၀ နှင့် HQ-19 တာဝေးပစ်လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်များ ပံ့ပိုးပေးရန် အဆိုပြုခဲ့ကြောင်းသိရသည်။ ဆွေးနွေးညှိနှိုင်းမှုများ ပြေလည်သွားမည်ဆိုပါက ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ ဝယ်ယူမှုသမိုင်းတွင် အပြည့်စုံဆုံးဝယ်ယူဖြည့်တင်းမှုတစ်ရပ်ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။

KJ-500 သည် ကျယ်ပြန့်သောဧရိယာအတွင်းဝေဟင်နှင့် ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို တစ်ပြိုင်နက် ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၍ သတိပြုရမည့် ဦးစားပေးခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်သည့်အတွက် အရေးပါသောဆပ်ပွားအင်အား တစ်ရပ်အဖြစ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ၎င်းသည် စစ်မြေပြင်အားကွပ်ကဲထိန်းကျောင်းခြင်း၊ တိုက်လေယာဉ်များနှင့် မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေး၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များအကြားပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနေနိုင်မှု၊ လုံခြုံသောဒေတာချိတ်ဆက်မှုများနှင့် ကွန်ရက်ဗဟိုပြုစစ်ဆင်ရေးစွမ်းရည်များနှင့်အတူ KJ-500 လေယာဉ်သည် စစ်ဆင်ရေး လုပ်ဆောင်မှုများအတွက် မရှိမဖြစ်လိုအပ်သောအမိန့်ပေးထိန်းချုပ်မှုဗဟိုဌာနချုပ်အဖြစ် ပံ့ပိုးပေးနိုင်စွမ်းရှိသည်။

KJ-500 ယာဉ်ရောင်းချပေးရန် ကမ်းလှမ်းခြင်းသည် ကာကွယ်ရေးမဟာဗျူဟာနှင့် စစ်မြေပြင်ကွန်ရက်ချိတ်ဆက်ပေါင်းစည်းမှုတွင် တရုတ်နှင့် ပါကစ္စတန်ကြားပိုမိုကျယ်ပြန့်သောဆက်ဆံရေးတစ်ရပ်ကို ထင်ဟပ်စေလျက်ရှိသည်။

KJ-500 လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်များဖြင့် ဒေသတွင်းလေကြောင်းရန် ကာကွယ်ရေးဖွဲ့စည်းပုံသည် တောင်အာရှဒေသတွင် အဆင့်မြင့်ကွန်ရက်ဗဟိုပြုစစ်ပွဲဆီသို့ အသွင်ကူးပြောင်းမှုကို အချက်ပြနေခြင်းဖြစ်ပြီး အိန္ဒိယတိုက်ငယ်တစ်လွှားတွင် စစ်ရေးအစီအမံနှင့် တားဆီးခြင်းဆိုင်ရာ နောက်ဆက်တွဲပုံစံများကို ပုံဖော်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း သိရသည်။

ALERT: China in talks with Pakistan to deliver KJ-500 surveillance aircraft able to monitor Indian airspace. ကို ဘာသာပြန်ဆိုထားပါသည်။

Hanwha Aerospace ကုမ္ပဏီနှင့် ADD အေဂျင်စီတို့ပူးပေါင်းပြီး L-SAM-II ဒုံးခွင်းဒုံးစနစ်ကို တီထွင်ထုတ်လုပ်ရန် လက်မှတ်ရေးထိုး

တောင်ကိုရီးယားနိုင်ငံ Hanwha Aerospace ကုမ္ပဏီနှင့် ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (ADD) တို့ ပူးပေါင်းပြီး L-SAM-II ဒုံးခွင်းဒုံးစနစ်ကို တီထွင်ထုတ်လုပ်ရန် တောင်ကိုရီးယားနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စာချုပ်တွင် L-SAM-II ဒုံးခွင်းဒုံးစနစ်ကို စစ်ဆေးအတည်ပြုခြင်းနှင့် ကနဦးလောင်ချာစနစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့အပါအဝင် စနစ်ပေါင်းစည်းရေးဆိုင်ရာ တာဝန်ဝတ္တရားများ ပါဝင်မည်ဖြစ်သည်။ အစီအစဉ်ကို ၂၀၂၈ ခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်သွားနိုင်ရန် စီစဉ်ထားသည်။ L-SAM-II ဒုံးခွင်းဒုံးစနစ်သည် လက်ရှိ L-SAM စနစ်ထက် လေထုလွှာအတွင်းထိ ပွဲထိန်းဒုံးကျည်များကို ကြားဖြတ် တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

L-SAM-II ဒုံးခွင်းဒုံးစနစ်ကို ကိုရီးယားလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်၏ နောက်ဆုံးအပိုင်းဟု တောင်ကိုရီးယားအရာရှိများက သတ်မှတ်ထားကြပြီး တောင်ကိုရီးယား၏ ဘက်စုံဒုံးကျည်ကာကွယ်ရေးစနစ် တစ်ရပ်ကို အပြီးသတ်လုပ်ဆောင်နိုင်မည့်သဘောကို ရည်ညွှန်းနေခြင်းလည်းဖြစ်သည်။ တောင်ကိုရီးယားကုမ္ပဏီ Hanwha Aerospace နှင့် ကာကွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ တို့ပူးပေါင်း၍ L-SAM Anti-Ballistic Missile (ABM) ပွဲထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို အောင်မြင်စွာတီထွင်ထုတ်လုပ်နိုင်ခဲ့ပြီးနောက် L-SAM-II ဒုံးခွင်းဒုံးစနစ်သို့ ထပ်မံအဆင့်မြှင့်တင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

L-SAM-II စနစ်သည် အမေရိကန်နိုင်ငံထုတ် Terminal High Altitude Area Defense (THAAD) ဒုံးခွင်းဒုံးစနစ်ကဲ့သို့ အဆင့်မြင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ၏ စွမ်းဆောင်ရည်သတ်မှတ်ချက်များ အတိုင်း လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ၁၈၀ ထိ ပွဲထိန်းဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မည်ဖြစ်သည်။ အဆိုပါ အမြင့်ပျံ တိုက်ပွဲဝင်နိုင်မှုစွမ်းရည်သည် ပွဲထိန်းဒုံးကျည်များ၏ အမြင့်ပျံသန်းမှုလမ်းကြောင်းများ၊ အမြင့်ဆုံးအမှတ်ရောက်ရှိနေချိန်ထိ ကြားဖြတ်ပစ်ချနိုင်သည့် စစ်ဆင်ရေးလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်စေလိမ့်မည်ဖြစ်သည်။

ထို့ပြင် အလွှာစုံကာကွယ်ရေးစနစ်များ၌ အမြင့်ပျံသန်း တိုက်ခိုက်နိုင်စွမ်းသည် အစောပိုင်းကတည်းက ကြိုတင်၍ ကြားဖြတ်ပစ်ချနိုင်ခွင့် ရရှိစေမည်ဖြစ်ကာ ပစ်မှတ်များကို ကြိမ်ပေါင်းများစွာ တိုက်ခိုက်နိုင်စေမည့် အားသာချက်လည်း ပိုင်ဆိုင်ထားမည်ဖြစ်သည်။ အချက်အခြာနေရာ၊ အချက်အခြာဧရိယာများပေါ် လွှမ်းခြုံကာကွယ်ပေးနိုင်မှုမှာ လက်ရှိ L-SAM စနစ်ထက် သုံးဆမှ လေးဆထိပိုမိုမြင့်မားသည်။ ထိုသို့သော အဆင့်မြင့်စွမ်းရည်များသည် ခေတ်သစ်ပွဲထိန်းဒုံးကျည်များကို တန်ပြန်ရန်အတွက် အရေးကြီးကြောင်း သိရသည်။

L-SAM-II ဒုံးခွင်းဒုံး၏ အဓိက နည်းပညာနှစ်ရပ်မှာDACS နှင့် တွန်းကန်အားစနစ်တို့ဖြစ်သည်။ Divert and Attitude Control System (DACS) နည်းပညာဆိုသည်မှာ ဒုံးခွင်းဒုံးစနစ်တွင် ပါဝင်သော Kill Vehicle အား ရန်သူ့ပွဲထိန်းဒုံးကျည်ပစ်မှတ်များနှင့် တိုက်ရိုက်ထိမှန်ရန် လိုအပ်သော လမ်းကြောင်းများအတိုင်း တိကျစွာ ချိန်ညှိလုပ်ဆောင်နိုင်စေရန် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်ပတ်လည်ရှိ တွန်းကန်အားထိန်းချုပ်မှု အဆို့ရှင်ဝဝခုကိုအသုံးပြုလုပ်ဆောင်ထားသည့် နည်းပညာပင်ဖြစ်သည်။

Hanwha Aerospace ကုမ္ပဏီသည် နိုင်ငံ တော်ကာကွယ်ရေးကိုအကျိုးပြုမည့် ပင်မနည်းပညာများကိုစုစည်းပြီး တောင်ကိုရီးယား၏ စွမ်းဆောင်ရည်မြင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ တင်ပို့နိုင်မှုစွမ်းရည်ကိုမြှင့်တင်ရန် ရည်ရွယ်ထားသည်။ထို့ကြောင့် L-SAM-II ပရိုဂရမ်သည် ကမ္ဘာလုံးဆိုင်ရာ ဒုံးကျည်ကာကွယ်ရေးကဏ္ဍတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ပို့ကုန်အတွက် လမ်းဖွင့်ပေးနိုင်ခဲ့ခြင်းဖြစ်ကာ တောင်ကိုရီးယားနိုင်ငံ၏ စစ်ဘက်စက်မှုဆိုင်ရာ မဟာဗျူဟာနှင့် ကိုက်ညီလျက်ရှိကြောင်း သိရသည်။

South Korea starts L-SAM-II development to intercept modern ballistic missiles at higher altitudes ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနွေစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကသာ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၀၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဧပြီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၂ ဒသမ ၈၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ စပါး ၁၁၀၇၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာ အောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် စပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲဖွင့်လှစ်ခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကနိုင်ငံတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

ပွင့်ဖြူမြို့နယ် ကျွန်းပင်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ ဇွန် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းပင်စင်ကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း အကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းပင်စင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုညဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မေလအတွင်း ငါးခူပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မေလအတွင်း ငါးခူပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဧပြီလအတွင်း ငါးခူပိသာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးခူပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူ ၁၀ ပိသာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ စျေးပေါက်နေကြောင်း သိရသည်။

''မေလအတွင်း ငါးခူပိသာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်ကဝယ်ယူမှုအပေါ် မူတည်ပြီး ဒီဘက်ကနေ တင်ပို့ရောင်းချနေပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါး အမျိုးအစားထဲမှာ ပါပါတယ်။ လက်ရှိလဲ ရောင်းအားကောင်းနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ငါးခူအပြင် အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်''ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက်ငါးခူများကို ရန်ကုန်စျေးကွက်အပြင် အခြားဒေသသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အင်ဂျင်းလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကျောက်ဆည် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟန်မြင့်မိုရ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဟန်မြင့်မိုရ်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဟန်မြင့်မိုရ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းအစုအဖွဲ့ လေးဖွဲ့မှ အသင်းသား ဦးရေ ၂၀ ကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်ထံမှ သိရသည်။ **နီလာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစ်ဝေရန်

Chairman
State Administration Council
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI-171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi

အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံသို့ သဝဏ်လွှာပေးပို့မှ

အဆိုပါသဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ပျက်ကျခဲ့ပြီး လူအများအပြားအသက်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း၊ ယခုကဲ့သို့ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့က သတိရအောက်မေ့၍ ဆုမွန်ကောင်းများပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

Prime Minister
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI-171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi

❑ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံသို့ သဝဏ်လွှာပေးပို့မှ

အဆိုပါသဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI-171 သည် ၁၂-၆-၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ပျက်ကျခဲ့ပြီး လူအများအပြားအသက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်းကို ဖော်ပြအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့အနေဖြင့် သတိရအောက်မေ့၍ ဆုမွန်ကောင်းများပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီရွှမ်ပြည်နယ် ချန်ဒူးမြို့၌ကျင်းပသော 2nd Belt and Road Initiative Science and Technology Exchange Conference သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်

နေပြည်တော် ဇွန် ၁၂

2nd Belt and Road Initiative Science and Technology Exchange Conference အခမ်းအနားသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီရွှမ်ပြည်နယ် ချန်ဒူးမြို့၌ရောက်ရှိနေသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန် ၁၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Chen Jiachang နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆောင်ရွက်ရေး၊ ပူးတွဲသုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊နယ်ပယ်အသီးသီးတွင် AI နည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံတက္ကသိုလ်များ အကြားနားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conferenceအခမ်းအနားတွင် ခင်းကျင်းပြသထားသော နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် 2nd Belt and Road Initiative Science and Technology Exchange Conference ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Goals and Practice of Poverty Alleviation Through Science and Technology ဖိုရမ်သို့ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာ ဖလှယ်ရေးဆိုင်ရာရပ်ဝန်းနှင့် ပိုးလမ်းမဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ မိုးထစ်ချုန်းရွာနိုင်မှ

ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနသ်ာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မိုး/ဇလ)**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ဒကွိဏာရာမဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ သကျခီတာသီလရှင်စာသင်တိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး မဟာအောင်မြေမြို့နယ်၌ အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းများဖြစ်သော နှစ် ဂုဝဝ ပြည့်အားကစားကွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ဝန်ထမ်းအိမ်ရာငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းနှင့် စကုမှော်ငလျင်ဘေးဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းများရှိ အိမ်ထောင်စုစုစုပေါင်း ဂုဇဂ စုတို့ကို သွားရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ၎င်းတို့နေအိမ်များကို ဖယ်ရှားရှင်းလင်းပြီး မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အအုံများပြန်လည်ပြုပြင်မွမ်းမံနေသည့် အခြေအနေများနှင့် တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများသောက်သုံးရန် ရေသန့်စက်ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုအခြေအနေများ၊ ဇရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက် တံတားအောက်ရှိ ရေဝပ်သည့်နေရာများတွင် စက်ယန္တရားကြီးများဖြင့် မြေဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် သကျခီတာသီလရှင်စာသင်တိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အရှိန်အဟုန်မြင့်အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး မဟာအောင်မြေမြို့နယ် ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများကို လုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများကို အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ပင်မကျောင်းဆောင်နှင့် သိမ်ကျောင်းနေရာများရှိ ဖြိုချပြီးအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသကျရံသီ ကျောက်တော်ကြီးမြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများ သိမ်းဆည်းထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ အပျက်အစီးများ စတင်ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မှန်တန်းရပ်ရှိ မဏိဇေတဓမ္မရိပ်သာကျောင်းတိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညြို၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဒကွိဏာရာမဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လည်းကောင်း၊ ဦးပွားစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်ရန်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများကို တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးစနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်အား လှျဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(ဂ)အတွင်းရှိ နန်းဦးဘုရား ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငြမ်းဆင်နေမှုအခြေအနေများ၊ ပတ္တာကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ အမှတ်(၆)အခြေခံမူလတန်းကျောင်း၌ G–1 နှင့် G–2 ကျောင်းသား၊ ကျောင်းသူများကို ROTARY CLUB အဖွဲ့မှ စာရေးကိရိယာများ ပေးအပ်နေမှု အခြေအနေကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးစျေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် ၃၀ ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဇွန် ၁၂

၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ် ၃၀ ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးခန်းမဆောင်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သွေးလှူဒါန်းကြမည့် ဝန်ထမ်းများကို သွေးပေါင်ချိန်တိုင်း စစ်ဆေးမှု၊ သွေးအမျိုးအစားခွဲခြားသတ်မှတ်မှုနှင့် သွေးအလှူရှင်ကို နည်းပညာအသုံးပြု မှတ်တမ်းတင် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ခန်းမအတွင်း၌ သွေးလှူဒါန်းနိုင်ရေး စစ်ဆေးပြီးစီးသည့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားကြပြီး သွေးအလှူရှင် ဝန်ထမ်းများကို အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများအတွက် တစ်နေ့တာကျွေးမွေးစရိတ် ငွေကျပ် ၂၅ သိန်းနှင့် PPE ဝတ်စုံ ၃၆ စုံတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်လည်ကျင်းပစစ်ဆေးမည့် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြန်လည်ကျင်းပစစ်ဆေးမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဖြေဆိုနိုင်ရေး စာဖြေခန်းများကို ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သက်ဆိုင်ရာစာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ စိစစ်ထုတ်ပေးထားမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ မကြာမီကျင်းပတော့မည်ဖြစ်ရာ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဘာသာရပ်အားလုံးပြီးဆုံးသည်ထိ ဖြေဆိုနိုင်ရေး အလေးထားကာဂရုတစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စာဖြေခန်းများတွင် အလင်းရောင်ကောင်းမွန်စွာ နေ့စဉ်ရရှိရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် လွယ်ကူလျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာ အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ လိုအပ်သည်များ ရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြသွားရန်နှင့် လိုအပ်ချက်များကိုလည်း ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားပြီး ရှင်းလင်းတင်ပြမှုများ အပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့ထိ သေဆုံးသူ ၃၇၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၁ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၂၄ ဦးကိုရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၁၁ ရက် ညနေ ၅ နာရီမှ ဧပြီ ၁၂ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society က လှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက် (အလေးချိန် သုည ဒသမ ၁၈၅ တန်) ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့အသုံးချနိုင်ရေး နည်းပညာဆိုင်ရာဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်

နေပြည်တော် ဇွန် ၁၂

ငလျင်ဒဏ်သင့် အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ မြေပြင်လက်တွေ့အသုံးချနိုင်ရေး နည်းပညာဆိုင်ရာ (Knowledge Sharing) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာမြို့ပြအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် မြေပြင်တွင်အဆောက်အအုံပြုပြင်ခြင်းဆောင်ရွက်နေသည့် တည်ဆောက်ရေးကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ်၂၈ ရက်တွင်ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေး အတွက် "ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ"၏ ညွှန်ကြားချက်အရ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ဌာနအသီးသီးနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ပညာရှင်များက မြေပြင်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ကြီးကြပ်သူတာဝန်ခံ အင်ဂျင်နီယာများနှင့် ကန်ထရိုက်တာများ အား ပြုပြင်ရေးနည်းစနစ်များကို နားလည်သိရှိစေရန်နှင့် လုပ်ငန်းခွင်များတွင် စနစ်တကျပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယနေ့ နည်းပညာဆွေးနွေးပွဲကို Knowledge Sharing အနေဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပျက်စီးမှုအနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ပြီး သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လိမ္မော်ရောင်အဆင့် ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများကို PE (Structure / Construction) ၏ ကြီးကြပ်မှုဖြင့် ပြင်ဆင်ရမည့် နည်းလမ်းအတိုင်း လိုက်နာ၍ Quality Control ထားရှိပြီး အရည်အသွေးစစ်ဆေးမှုများ ဆောင်ရွက်ရန်လိုပါကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့်သတ်မှတ်ထားသော အဆောက်အအုံများကို ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဦးကျော်သူအောင် Director (Business Development)က "Product development for Earthquake Repair Works" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးနေလင်းထက် General Manager of Construction Chemicals Department က "Repair & Retrofitting works for damages due to earthquake" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဖူးပွင့်ဖြိုး Senior Sales Solutions Engineer၊ Project Solutions and Engineering Sales Department က "Mapei FRP System for Structure Strengthening Works" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးအေးလင်းက "လုပ်ငန်းခွင်အတွင်း SOPနှင့်အညီ ပြင်ဆင်ခြင်းအတွေ့အကြုံများမျှဝေခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ခံအင်ဂျင်နီယာ ဦးချမ်းငြိမ်းကိုက "အဝါရောင်အဆင့် အဆောက်အအုံနှင့် ပတ်သက်သော လေ့လာတွေ့ရှိချက်များ အကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးက "အပြာရောင်နှင့် လိမ္မော်ရောင်အဆင့် ပျက်စီးမှုများအတွက် ဆောင်ရွက်သင့်သည့် ပြုပြင်နည်းစနစ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင် တည်ဆောက်ခြင်း ဆောင်ရွက်နေသော ကုမ္ပဏီများမှ အင်ဂျင်နီယာများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co.,Ltd.ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR 001 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Shwe Thway Co.,Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD YUAN PLUS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

(၁၂-၆-၂၀၂၅)

ခန္ဓီး	၃၉	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	မချမ်းဘော	၃၇	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ညောင်လေးပင်	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	ပူတာအို	၃၆	ဒသမ ၈	ဒီဂရီဆဲလ်စီးယပ်
ဟုမ္မလင်း	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	မိုးကောင်း	၃၆	ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်း	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	ကသာ	၃၆	ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနား	၃၇	ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်	မင်းဘူး	၃၅	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်

☆ ဘော်လီဘောပြိုင်ပွဲမှအဆက်

အမျိုးသမီးဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီးဘော်လီဘော ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားဘော်လီဘော ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အမျိုးသမီးဘော်လီဘော ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားဘော်လီဘော ပထမဆုရ ရှမ်းပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု၊ ပထမဖလားဆုတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ် အမျိုးသားအသင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် ပူးတွဲတတိယဆုရ အမျိုးသမီးအသင်းအတွက် ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်ရာ အသင်းအုပ်ချုပ်သူ၊ နည်းပြများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၂

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၁၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေဠုဝန်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ပိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို ကျေးရွာရှိ ပေါ်တော်မှုအောင်ဓမ္မရိပ်သာကျောင်းတိုက်၌လည်းကောင်း၊ တွံတေးမြို့နယ် ပဒါန်းရေကျော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၆ ဦးတို့ကို ကျေးရွာရှိ ရေကျော်ကျောင်းတိုက်၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ရွှေညောင်မြို့ပေါ်ရပ်ကွက်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့မွန်းလွဲပိုင်းတွင် တာယောချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ရွှေညောင်မြို့ပေါ်ရှိ ရတနာရပ်ကွက်၊ ရွှေဘုံသာရပ်ကွက်နှင့် မင်္ဂလာရွှေဘုံရပ်ကွက်များအတွင်း ချောင်းရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာ လှိုင်ဘုံသာရပ်ကွက် ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဧရာဝတီရိပ်မွှာရုံနှင့် မင်္ဂလာအောင်မြေရပ်ကွက်ရှိ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းတိုက်များသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဒေါက်တာမေစန်းရီ ဒုတိယပါမောက္ခချုပ် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၂)	ဦးဇော်ဇော်အေး ဒုတိယညွှန်ကြားရေးမှူးချုပ် (မြို့ပြနှင့် ဒေသ) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အဆောက်အအုံဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၂၀၂၅ ခုနှစ် ဇွန် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အပူပိုင်းမုန်တိုင်း "ဝူတစ်" တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းကို ဖြတ်ကျော်နိုင်

နေပြည်တော် ဇွန် ၁၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဝူတစ်"(WUTIP)သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွှေ့လျားလျက်ရှိသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း "ဝူတစ်" သည် ဇွန် ၁၃ ရက်တွင် မြောက်ယွန်းယွန်းသို့ ရွှေ့လျားပြီး တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၉လ)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

နေ့စဉ်ကျွေး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ရခြင်း

ပါးစပ်နှင့်နှာခေါင်းကို
လုံခြုံစွာဖုံးအုပ်ပါ။

အဖုံးပါသော အမှိုက်ပုံးထဲတွင်
သာ စွန့်ပစ်ပါ။

စနစ်တကျ လက်ဆေးပါ။

သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊

(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံ့မှုခံယူခြင်း။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ့မှုကို မဖြစ်မနေခံယူပါ။

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

တာချီလိတ်မြို့တွင် ငွေကျပ် သိန်း ၄၈၀၀၊ လားရှိုးမြို့တွင် ငွေကျပ် ၂၇၆ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီး ဦးထွန်းအောင်တံတားတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် အိုက်ရှဲန်ဖူး မောင်းနှင်လာသော TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၆၀ (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၈၀၀) ဖမ်းဆီးရမိသဖြင့် အိုက်ရှဲန်ဖူး ၃၈ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ လားရှိုးမြို့ ရပ်ကွက်(၃) နယ်မြေ(၁၀) ကြာနီလမ်းပေါ်တွင် တွေ့ရှိသူ သိန်းစိုးအောင်(ခ)အားဝေအား စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀)ဖမ်းဆီးရမိပြီး ကွင်းဆက် စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၂၀) ခိုင်ရွှေဝါလမ်းနေ လောင်ဝူ(ခ)လီမင်ချိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၄ သိန်း)နှင့် ပလတ်စတစ်ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၈ရမ် ၁၁၀ (တစ်၈ရမ်လျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း) ဖမ်းဆီးရမိသဖြင့် သိန်းစိုးအောင်(ခ)အားဝေ ၂၉နှစ်နှင့် လောင်ဝူ(ခ)လီမင်ချိန် ၃၆ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ဖမ်းဆီးရမိမှုအဆက်

TOYOTA PRADO မော်တော်ယာဉ်ပေါ်မှ ဘိုးဘိုးအောင် မောင်းနှင်ပြီး ဇင်သူအောင်၊ အောင်ပြည့်ဖြိုး တို့လိုက်ပါလာသည့် I–ZONE မော်တော်ယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်နေစဉ် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့ လေးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ အောင်ဇော်ဦး ၄ားရမ်းနေထိုင်သည့် ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ဆွေးနွေးဘုရားလမ်းရှိ နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ ကျော်ဇင်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၈၈၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သိန်းဌေးနှင့် ၎င်း၏ဇနီးနန်းခမ်းဖိန်

ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တို့ကို ဇွန် ၆ ရက် ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် TOYOTA LAND–CRUISER မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၇ ရက် နံနက် ၉ နာရီတွင် စိုင်းဗညားမြင့်အောင်(ခ)ပီးပီး(ခ) စစ်ကား နှင့်မင်းလွင်ဦးတို့နှစ်ဦးကို မင်္ဂလာဒုံမြို့နယ် စွယ်တော်စီးတီးအိမ်ရာရှိ ကားပါကင်တွင် Hyundai Grand Starex မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေ ၈ ဒသမ ၁၈ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ဒသမ ၈၈၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ရောင်းချသူမှာ ရှမ်းပြည်နယ် ကျေးသီးမြို့နယ် ဝမ်ဟိုင်းနေ ထွန်းစီနှင့်ဇနီး နန်းရွှေရင်(ခ) နန်းမိုင်းခမ်း(ခ)နန်းခမ်းကြာ တို့ဖြစ်ပြီး ၎င်းတို့၏အစီအမံဖြင့် ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ပြည်မြို့သို့သယ်ဆောင်ပြီး ပြည်မြို့တွင် သိန်းဌေးနှင့် အောင်ဇော်ဦးတို့က နေအိမ်ငှားရမ်းသိုလှောင်ထားရှိကာ ရခိုင်ပြည်နယ်သို့ တစ်ဆင့်ပြန်လည်တင်ပို့ပေးခြင်းဖြစ်ကြောင်း၊ အလားတူ မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့သယ်ဆောင်ပြီး ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်သူမှာ ထင်ထင်ကျော်(ခ)ရခိုင် ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့ကိုဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့်၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

ကြိုတင်ကာကွယ်ခြင်းဖြင့် ရေလွှမ်းမိုးမှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ကြပါစို့

ရေကြီးခြင်းသည် ကမ္ဘာတစ်ဝန်းတွင် အဖြစ်အများဆုံးနှင့် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်များထဲမှတစ်ခုဖြစ်ပြီး နှစ်စဉ် လူသန်းပေါင်းများစွာကို ထိခိုက်စေသည်။ ရေလွှမ်းမိုးခြင်းသည် လူနေမှုဘဝများကို အနှောင့်အယှက်ဖြစ်စေပြီး စီးပွားရေးအရ သိသိသာသာဆုံးရှုံးမှုဖြစ်စေနိုင်သည့် ကြောက်မက်ဖွယ် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ ရေလွှမ်းမိုးခြင်းသည် သဘာဝ သို့မဟုတ် လူတို့ကြောင့် ဖြစ်ပေါ်လာသောအန္တရာယ်တစ်ခုဖြစ်သည်။ ရေကြီးရခြင်း အကြောင်းရင်းအမျိုးမျိုးရှိသည်။

မိုးသည်းထန်စွာရွာသွန်းခြင်း

ရေကြီးခြင်း၏ အကြောင်းရင်းတချို့မှာ အချိန်ကြာမြင့်စွာ သို့မဟုတ် ပြင်းထန်သောမိုးရွာသွန်းမှုဖြစ်သည်။ ပြင်းထန်သောမိုးရွာသွန်းမှုသည် မြစ်ချောင်းရေလျှံမှုများကိုဖြစ်ပေါ်စေပြီး မြေပြိုခြင်း၊ လူနေဇရိယာများကို ရေလွှမ်းခြင်းများ ဖြစ်ပေါ်စေသည်။ မြစ်ချောင်းရေလျှံခြင်းသည် မြို့ပြ၊ ကျေးရွာဒေသများကို ထိခိုက်စေနိုင်ပြီး သိသိသာသာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေနိုင်သည်။

ကမ်းရိုးတန်းရေကြီးရေလျှံခြင်း

ကမ်းရိုးတန်းဒေသများသည် မုန်တိုင်းဒီရေတက်ခြင်း၊ ဒီရေတက်ခြင်းနှင့် ဆူနာမီလှိုင်းများမှ ရေလွှမ်းမိုးခြင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းသည် တစ်နှစ်ထက်တစ်နှစ် ကမ်းရိုးတန်းရေလွှမ်းမိုးမှုအကြိမ်ရေနှင့် ပြင်းထန်မှုကို တိုးမြင့်လာစေသည်။

ရုတ်တရက်ရေကြီးခြင်း

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေပမာဏများ လျင်မြန်စွာ တိုးမြင့်လာသည့်အခါ ရုတ်တရက် ရေကြီးခြင်းကို ဖြစ်ပေါ်စေသည်။ ရုတ်တရက် ရေကြီးမှုများသည် သတိပေးချက် အနည်းငယ်သာရှိနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများစေသည်။

ရေခဲမြစ်များနှင့် ရေကာတာများ၊ ဆည်များကြောင့် ရေကြီးခြင်း

မြစ်များတွင် ရေခဲများစုပုံခြင်းသည် ရေစီးဆင်းမှုကိုပိတ်ဆို့နိုင်ပြီး ဒေသအလိုက် ရေလွှမ်းမိုးမှုကို ဖြစ်စေသည်။ ရေကာတာများ၊ ဆည်များအတွင်းသို့ လိုအပ်သည်ထက် ပိုမိုသောရေပမာဏရောက်ရှိပါက ရေပိုလွှဲမှတစ်ဆင့် ရေများကိုထုတ်ပေးရသောကြောင့် ရေလွှမ်းမိုးမှုကို ဖြစ်ပေါ်စေသော်လည်း ကြိုတင်သိရှိရသောကြောင့် ဆုံးရှုံးမှုကို လျှော့ချနိုင်သည်။

ရေလွှမ်းမိုးခြင်း၏သက်ရောက်မှုများ

ရေလွှမ်းမိုးမှုများသည် လူမှုအသိုင်းအဝိုင်း၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်ကျယ်ပြန့်စွာသက်ရောက်မှုရှိသည်။ နေအိမ်များ၊ လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများသည် ရေလွှမ်းမိုးမှုကြောင့် ပြင်းထန်စွာပျက်စီးနိုင်သည်။ ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်များပြားပြီး ထိခိုက်ခံရသူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းအပေါ် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်စေသည်။ ရေလွှမ်းမိုးမှုများသည် စီးပွားရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေကာ ဝင်ငွေဆုံးရှုံးခြင်း၊ အာမခံလျော်ကြေးများ တိုးမြင့်လာခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးအတွက် ကုန်ကျစရိတ်များဖြစ်ပေါ်စေသည်။ စီးပွားရေးလုပ်ငန်းများသည် ရေရှည်လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဘေးထွက်ဆိုးကျိုးသက်ရောက်မှုများကို ကြုံတွေ့ရနိုင်သည်။

ရေလွှမ်းမိုးမှုများသည် မြေဆီလွှာတိုက်စားခြင်း၊ သဘာဝအလျောက် နေထိုင်ရာများကို ဖျက်ဆီးခြင်းနှင့် ရေအရင်းအမြစ်များကို ညစ်ညမ်းစေနိုင်သည်။ ဂေဟစနစ်ဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ ကြောင့် တိရစ္ဆာန်များနှင့် ဂေဟစနစ်ကို ကြာရှည်စွာ ထိခိုက်စေနိုင်သည်။

ထို့ပြင် ရေကြီးခြင်းသည် ရေနစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းကဲ့သို့သော တိုက်ရိုက်အန္တရာယ်များ ဖြစ်စေသည်။ မသန့်ရှင်းသောရေ၊ စိတ်ဖိစီးမှုနှင့် နေအိမ်များရွှေ့ပြောင်းခြင်းမှ ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေသည်။

ကြိုတင်ကာကွယ်မှုဖြင့် ရေဘေးအန္တရာယ် လျော့ပါးစေခြင်း

ရေကြီးမှုအန္တရာယ်ကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရာတွင် ကြိုတင်ကာကွယ်မှုနှင့် ကြိုတင်ပြင်ဆင်မှုအစီအမံများ ပေါင်းစပ်လုပ်ဆောင်ရမည်။ ရေလွှမ်းမိုးမှုခံရသော ဒေသများတွင် ရေကြီးခြင်းကို ကာကွယ်နိုင်မည့် အဆောက်အအုံများကို ဆောက်လုပ်ခြင်းဖြင့် ရေကြီးခြင်းအန္တရာယ်ကို လျှော့ချနိုင်သည်။ ထို့ပြင် စိမ်းလန်းသောအခြေခံအဆောက်အအုံများ၊ စိုစွတ်သောမြေများနှင့် ရေလွှမ်းလွင်ပြင်များကို မြှင့်တင်ခြင်းဖြင့် ပိုလျှံနေသော ရေများကိုစုပ်ယူနိုင်ပြီး ရေလွှမ်းမိုးမှုကို လျော့ပါးသက်သာစေနိုင်သည်။ ရေကြီးခြင်းမှ ကာကွယ်ရာတွင် ကမ်းပါးများ၊ ရေကာနံရံများနှင့် ရေထိန်းတံခါးများကဲ့သို့ အကာအကွယ်များ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းသည် ရေဘေး အန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။ ၎င်းအကာအကွယ်များကိုလည်း ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အမြဲတမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မိုးလေဝသခန့်မှန်းချက်နှင့် ရေကြီးရေလျှံမှုခန့်မှန်းရေးစနစ်များသည် အချိန်မီသတိပေးချက်များကို ဆောင်ရွက်နိုင်ပြီး လိုအပ်ပါက ရပ်ရွာများကို ကြိုတင်ပြင်ဆင်ကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်စေသည်။ ရေဘေးအန္တရာယ်နှင့် အရေးပေါ်လုပ်ငန်းစဉ်များအကြောင်း လူထုကို ပညာပေးခြင်းသည်လည်း အရေးကြီးသည်။ ရာသီဥတုပြောင်းလဲမှု၏ အရင်းခံအကြောင်းတရားများကို ဖြေရှင်းခြင်းနှင့် ပြောင်းလဲလာသော ရာသီဥတုပုံစံများကို ရင်ဆိုင်ရန် အတွက် အခြေခံအဆောက်အအုံများနှင့် ရေဘေး ကာကွယ်ရေးလေ့ကျင့်မှုများကို ကြိုတင်လေ့ကျင့် လုပ်ဆောင်ခြင်းသည် ရေလွှမ်းမိုးမှုအန္တရာယ်စီမံခန့်ခွဲမှုအတွက် မရှိမဖြစ်လိုအပ်သည်။

❖ ရေကြီးရေလျှံမှုများကို ကြိုကြိုခံနိုင်ရန်အတွက် လမ်းတံတားများတည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကိုပါ ထည့်သွင်းတွက်ချက်တည်ဆောက်ခြင်း၊ ရေလွတ်နိုင်သည့်ခြေတံရှည်အိမ်များတည်ဆောက်ခြင်း၊ မြို့ရွာအတွင်းရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်း၊ ရေဘေးကာကွယ်ရေးတာတမံများ တည်ဆောက်ခြင်း၊ ခိုင်ခံ့အောင်မြှင့်တင်ခြင်း စသည့်ရေရှည်အစီအမံများဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်ကြုံတွေ့ကြရဖွယ်ရှိသော ရေကြီး၊ ရေလျှံ၊ ရေလွှမ်းမိုးမှုအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။ ❖

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆောင်ရွက်ချက်များ

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းခြင်းနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့အရ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ခံရနိုင်ခြေမြင့်မားသည့် နိုင်ငံများတွင် ပါဝင်နေသည်။ မုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် နှစ်စဉ်လိုလို ရေကြီး၊ ရေလျှံမှုများ၊ မြေပြို၊ တောင်ပြိုမှုများကို မြန်မာနိုင်ငံဒေသအများအပြားတွင် ကြုံတွေ့ရသည်။

မြန်မာနိုင်ငံသည် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်၊ မာလာ၊ ဂီရီ၊ နာဂစ် စသည့်မုန်တိုင်းအန္တရာယ်များကို တွေ့ကြုံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းသည် အပြင်းထန်ဆုံးဖြစ်ခဲ့ကာ ပြည်သူပေါင်း တစ်သိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဘီလီယံကျော်ခဲ့ရသည်။ ၂၀၂၃ ခုနှစ် မေလတွင်လည်း အလွန်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးမိုခါ ဖြင့် ရင်ဆိုင်ခဲ့ရသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း တောင်တရုတ်ပင်လယ်ပြင်၌ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂိ၏အရှိန်ဖြင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစ၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့် အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်တချို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ မြို့နယ်တချို့တို့တွင် ရုတ်တရက်ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းကို နိုင်ငံတော်အကြီးအကဲက အချိန်နှင့်တစ်ပြေးညီ လိုက်လံကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၊ တံတားလမ်းပြုပြင်ခြင်းလုပ်ငန်းများ စသည်တို့ကိုအမြန်ဆုံးဆောင်ရွက်ရန် လမ်းညွှန်ပေးခဲ့သည်။ အဆိုပါရေကြီးရေလျှံခြင်းကို နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့်အတူ မြန်မာနိုင်ငံအနှံ့ရှိ အလွှာအသီးသီးမှ လူတန်းစား အမျိုးမျိုးကလည်း ပူးပေါင်းပါဝင်ကူညီခဲ့ကြသည်။

ရေကြီးရေလျှံမှုများကို ကြိုကြိုခံနိုင်ရန်အတွက် လမ်းတံတားများတည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကိုပါ ထည့်သွင်းတွက်ချက်တည်ဆောက်ခြင်း၊ ရေလွတ်နိုင်သည့်ခြေတံရှည်အိမ်များတည်ဆောက်ခြင်း၊ မြို့ရွာအတွင်းရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်း၊ ရေဘေးကာကွယ်ရေးတာတမံများ တည်ဆောက်ခြင်း၊ ခိုင်ခံ့အောင်မြှင့်တင်ခြင်း စသည့်ရေရှည်အစီအမံများဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်ကြုံတွေ့ကြရဖွယ်ရှိသော ရေကြီး၊ ရေလျှံ၊ ရေလွှမ်းမိုးမှုအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။

နှစ်စဉ်လိုလို ကြုံတွေ့ရသည့်ရေဘေးကြောင့် လမ်းတံတားများ၊ လယ်ယာမြေများ၊ လူနေအိမ်များအပါအဝင် ထိခိုက်ဆုံးရှုံးရသည့်ပမာဏမှာ လွန်စွာကြီးမားသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပြီး ရှေ့သို့တက်လှမ်းရမည့်အစားပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးတို့ကို မဖြစ်မနေဆောင်ရွက်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုတို့ရပ်တန့်သွားရသည်။ ထို့ကြောင့် ရေလွှမ်းမိုးမှုအန္တရာယ်ကို ကြိုတင်ကာကွယ်ရေးအစီအမံများ လိုက်နာလုပ်ဆောင်ပါက ရေလွှမ်းမိုးမှု၏ သက်ရောက်မှုများကို လျော့ပါးသက်သာစေပြီး အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

– ပြန်ကြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်

ကိုဘုန်း(ထုတ်လုပ်)

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

(၁)

နွေတစ်နေ့ပါပဲ။ မှတ်မှတ်ရရပြောရလျှင် ၁၉၇၁ ခုနှစ် မေလဖြစ်သည်။ ကျွန်တော်တို့ ပဿုံးပိုက်သမားတွေ ပဿုံးပိုက်မျှောကြသည့်ကာလပါ။ ပဿုံးပိုက်မှာ ကကူရံ၊ ကကတစ်၊ ကသမြင်၊ နတ်ကတော်စသော သုံးပိသာ၊ လေးပိသာ၊ ငါးပိသာ၊ ခြောက်ပိသာ၊ ခုနစ်ပိသာ အလေးချိန်စီရှိသည့် ငါးအကောင်ကြီးများကို ထောင်ဖမ်းသည့်ပိုက်ကွက်ကျယ် ပိုက်မျိုးပင်ဖြစ်သည်။ ပဿုံးပိုက်မျှောခြင်း၏ ထူးခြားချက်မှာ ငါးဖမ်းနိုင်သည်ဟုဆိုပါလျှင် တစ်ကောင်မှသည် ကောင်ရေ ၁၀၊ ၂၀၊ ၃၀ ထိ ရတတ်ကြသည်။ တစ်ကောင်တလေမျှပင် မဖမ်းမိပါက အိမ်ပြန်ရောက်လျှင် ဓားဖြင့်ခုတ်သင်ပိုင်းဖြတ်ပြီး ဟင်းချက်စားစရာမျှပင် မရရှိ၍ "ဓားလွတ်သည်"ဟု ရေတံငါစကားပြောကြားကြသည်။

ကျွန်တော်တို့ပိုက်အဖွဲ့မှာ ဒီရေတက်ချိန် သီတင်းတစ်ပတ်လုံး ဓားလွတ်သောနေ့များခဲ့ပါ၍ အမောသာ အဖတ်တင်ဆိုသလို ဖြစ်ခဲ့ကြရသည်။ သို့အတွက် ရှစ်တန်းအောင်အဆင့်လောက်ထိ ကျောင်းပညာသင်ဖူးခဲ့သောကျွန်တော် အတွေးလေပြေသွေးခဲ့ပေတော့သည်။ ယခုအခါ အချို့ဓနိမိုးအိမ်တွေ ဓနိချပ်လိုကြတော့မည်။ ကျွန်တော် ငယုန်ရွာထဲတွင် ဓနိမိုးရန်လိုအပ်နေသောအိမ်များကို စာရင်းကောက်လိုက်၏။ ပဿုံးလေ့ သုံးစီးတိုက်ခန့်စာရင်းရရှိသည်။ ရေသေကာလ ပိုက်နှားချိန်ဖြစ်၍ ခြောက်လံအရှည်ရှိ ပဿုံးပိုက်လေဖြင့် သူငယ်ချင်းနှစ်ဦးကို အကူအညီခေါ်ပြီး ဓနိဝယ်ထွက်လာခဲ့ကြသည်။ ကျွန်တော့်ညီလေးကပါ အမေ့ရွာဆွေမျိုးများဆီ အလည်လိုက်ချင်သည်ပြော၍ ခေါ်လာခဲ့၏။

နေမွန်းတည့်ချိန်လောက်တွင် ပင်လယ်လေဝင်လာ၍ ကျွန်တော်တို့လင်းဆွဲတောင် ရွက်နှစ်ဖုံကိုဖွင့်ပြီး ရွက်လွှင့်လိုက်ပေရာ ကျွန်တော်တို့လေ့မှာ လှိုင်းအိကလေးများကို ဖိနင်းပြီး တရဲရဲအသံပေးကာ ပြေးနေလေတော့သည်။ ကျွန်တော်က ပွဲကိုင်ပေးပြီး အကူနှစ်ဦးက လေထုပ်တန်းပေါ် ထိုင်လျက်လိုက်ပါလာကြသည်။ ညီလေးကတော့ ရွက်ရိပ်ခိုပြီး လေကပ်စင်ပေါ် အိပ်လျက်လိုက်ပါလာ၏။ သူငယ်အိပ်ချိန်လောက်တွင် ကျွန်တော်တို့ အမေ့မွေးမြေရွာ သရက်တောင်သို့ ရောက်ခဲ့ကြသည်။

(၂)

ကျွန်တော်ရောက်နေသည့် သရက်တောင်ရွာသည် အထက်ကျွန်းစဉ်နယ် ဓနိထွက်သောရွာ။ အဖေ အခြေချနေထိုင်သည့်ငယုန်ရွာသည် ပင်လယ်ကမ်းခြေရှိ အောက်ကျွန်းစဉ်ရွာ။ ဥတုသုံးလီ ရေငန်အတိလွှမ်းသောဒေသဖြစ်၍ အုန်းပေါ်ပြီး ဓနိရှားသည်။ ကျွန်တော့် အမေရွာ သရက်တောင်တွင် ဓနိချပ်များ ကောက်ဝယ်လိုက်သည်။ ပိုက်ဆံလက်ငင်းပေးပြီး ဝယ်ခြင်းကား မဟုတ်။ ခေါက်ပြန်ပေးစနစ်ဖြင့် ဝယ်ယူခြင်းသာဖြစ်သည်။ ကျွန်တော်တို့ ဓနိချပ်များကို တစ်နေ့သယ်ချရုံနှင့် လေ့တစ်စင်းစာပြည့်သွားသည်။

ကဆုန်လပြည့်ကျော် ၁၀ ရက် မနက်လင်းအရုဏ်ဒီရေကျချိန်လောက်တွင် ကျွန်တော်တို့ သရက်တောင်ရွာမှ ထွက်ခွာလာခဲ့ကြသည်။

"ဒီနေ့လဆုတ် ၁၀ ရက်ဆိုတော့ ရေအသေဆုံးရက်ပဲ။ စုန်လေကို အားကိုးနေလို့မရဘူး။ တက်ကူပေးရမယ်"

ကျွန်တော့်အသိပေးစကားကြောင့် သူငယ်ချင်းနှစ်ဦးမှာ ခတ်ကွင်းကို ရေဆွတ်ပြီး ခတ်တက်နှစ်ချောင်းကို ပြိုင်တူဆွဲခတ်လိုက်ကြသည်။ ရေသေရက်မို့ ရေဆွဲအားက ခပ်နှေးနှေးဆိုတော့ လှေအသွားနှုန်းက သိပ်မတွင်း။ နွေရက်မို့ မနက်လင်းသည်ဆိုပဲ အားကောင်းမောင်းသန် ရှင်နေမင်းသည် ပူရှိန်ထန်ပြင်း နွေအခင်းကို ဆင်ယင်ကျင်းပနေပေ၏။ လှော်ဟယ်၊ ခတ်ဟယ်နှင့် လှုပ်ရှားနေကြသော ကျွန်တော်တို့တစ်တွေ ချွေးဖြင့်ရွှဲနစ်နေကြလေပြီ။

ကျွန်တော်တို့ ဖောင်ပြေမြစ်ကြောင်းအတိုင်း လှော်ခတ်ဆင်းလာကြရာ နေမွန်းတည့်ချိန်လောက်တွင် နောင်တော်ကြီး မြစ်ပြင်ကျယ် ပင်လယ်ဝသို့ ရောက်လာခဲ့ကြလေပြီ။ ခါတိုင်း ရေကြီးရေထရက်တွေဆို မနက်ဝေလီဝေလင်း သရက်တောင်ရွာမှ လှော်ခတ်ဆင်းလာလျှင် နေမွန်းတည့်ချိန်လောက်ဆို ငယုန်ရွာသို့ရောက်ပြီ။

(၃)

ရေသေရက်ဖြစ်၍ မှန်းချက်နှင့်နှမ်းထွက်ကမကိုက်။ ငါးကောက်ချိုင်ကျွန်း၊ ဘဲစင်ခိုစင်ကျွန်းများနှင့်တော့ တဖြည်းဖြည်းနီးလာသည်။ သို့သော် သည်ကျွန်းများတွင် လူမရှိ၊ ရေမရှိ၊ စားစရာမရှိဘဲ ဖြစ်၏။ ပင်လယ်ပြင်ထဲက သီးခြားကျွန်းကလေးများသာ။ ငယုန်ကျွန်းနှင့် နောင်တော်ကြီးကျွန်းများကိုတော့ မှိုင်းမှိုင်းပျပျ မြင်နေရသည်။ ကြားမှာ ထုံးကျီမြစ်ဝကျယ်က ဆီးနေသည်။ သည်မြစ်ဝကျယ်ကို ဖြတ်သန်းပြီးမှ ငယုန်ကျွန်းသို့ ရောက်ပေမည်။

ဒုက္ခပါပဲ။ ပြောရင်းဆိုရင်း ပင်လယ်ဝဘက်ကဒီရေပြန်တက်လာနေပြီ။ နွေကာလများတွင် ဖြစ်ပေါ်တတ်သော သဘာဝအရ မွန်းတည့်သည်နှင့် ပင်လယ်လေတိုက်လာခဲ့ချေပြီ။ သွားပြီ။ ဘာမှမတတ်နိုင်တော့။ ရေရော၊ လေရော ဆန့်ကျင်ဘက်အရပ်မှ ကျွန်တော်တို့ဓနိလှေကို တားဆီးထားကြပေပြီ။ ဓနိချပ်များကို လှေဝမ်းဗိုက်အလယ်တွင် ရေပက်ခန်းခြားပြီး လှေဦးပိုင်းတစ်ပုံ၊ လှေပဲ့ပိုင်းတစ်ပုံ တင်ယူလာခဲ့ကြသည်။ ဓနိဆိုသည်မှာက ကုန်ပွဖြစ်၍ လေက တားဆီးအားပိုကောင်းနေသည်။

"တို့ဒီအတိုင်းနေလို့မဖြစ်ဘူး။ ကလေးက တစ်နေကုန်ခံနိုင်မှာမဟုတ်ဘူး။ လှေကလဲ ရှေ့တိုးလို့မရတော့ဘူး။ ထုံးကျီမြစ်အထက်ပိုင်းမှာ တောင်ရှည်ရွာဆိုတာရှိတယ်။ အဲဒီကျွန်းဘက် ရွက်ကန့်တိုက်ကြမယ်"

"ဖြစ်ပါ့မလားဟ ရေနဲ့လေ တစ်ဖက်ထဲ စီးနေတော့ ဘေးစောင်းကြီးခံနေမှာပေါ့"

"ရတယ် ရတယ် လုပ်သာလုပ်ပါ "

သိန်းနုအောင်မှာ ရေကြောင်းခရီးသွားလာပိုက်လိုက်ဖူးသူဖြစ်၍ ရေကြောင်း၊ လေကြောင်းကို ကျွန်တော့်ထက် သိသယောင်ရှိသည်။ ကျွန်တော်တို့မှာ လူတွေ့ရှိသောနေရာသို့ရောက်ရှိရေးသည် အဓိကဖြစ်နေသဖြင့် လှေဦးကို ထုံးကျီမြစ် ညာဘက်သို့ လှည့်ပေးလိုက်တော့သည်။

ရွက်အတွင်းသို့ လေဝင်စေရေးအတွက် ရွက်နပျံကြိုးများကို သိန်းနုအောင်နှင့် မြသိန်းတို့က ခပ်တင်းတင်းဆွဲပြီး လှေထုပ်တန်းတွင် ဆွဲချည်လိုက်ကြသည်။ ရွက်ကန့်တိုက်ခြင်းမှာ လေကြောင်းမတည့်သော်လည်း ရေဆွဲအားကတစ်ဖက်၊ လေစီးအားကတစ်ဖက်ဆို ရွက်ကိုလေစားခံပြီး ရွက်တိုက်နိုင်သောနည်းတစ်မျိုးပင်ဖြစ်သည်။

"ကဲ ထုံးကျီမြစ်ကြောင်း ရေဆွဲရောက်ဖို့လိုတယ်။ နဲနဲတက်ကူပေးလိုက်ကြအုံး"

ကျွန်တော့်စကားကြောင့် သူငယ်ချင်းနှစ်ဦးမှာ နွမ်းရိပူလောင်မှုကြားက ခတ်တက်ကို ခပ်တင်းတင်းဆွဲခတ်လိုက်ကြပြန်သည်။

"ကဲ ရပြီ ရပြီ ရပ်လိုက်ကြတော့ ရွက်ကိုလေဝင်လာပြီ"

ဆာလောင်မွတ်သိပ်နေ၍ပဲထင်သည် ကျွန်တော့် သူငယ်ချင်းနှစ်ဦးမှာ ခတ်တက်ကိုဆွဲတင်ပြီး ဓနိပုံပေါ်တွင် လဲအိပ်လိုက်ကြတော့သည်။ ရွက်တိုက်၍ရလျှင် တက်ခတ်ရန်မလိုပေ။ နေပူဒဏ်မှကာကွယ်ရန်အတွက် သူတို့မျက်နှာကို ခမောက်များဖြင့် ဖုံးအုပ်ထားလိုက်ကြသည်။ ညီလေးကတော့ ကျွန်တော်ရှေ့ ဓနိပုံပေါ်တွင် ခွေခွေကလေး အိပ်နေရှာသည်။

ကျွန်တော့်မှာ ရွက်ကို လေဝင်အောင် ကြိုးစားရင်းပဲ့ကိုင်ပေးနေရသည်။ နေကလည်း မွန်းတည့်နေပေပြီ။ ကဆုန်နွေမို့ ပူလိုက်သည်မှာပြောစရာမရှိပြီ။ ကျွန်တော့်မှာ ညီလေးကို ခဏခဏငုံ့ကြည့်နေမိသည်။

ရေတက်ကြမ်း၍ လေကလည်းပြင်းလာရာ ထိပ်ကွဲလှိုင်းခေါင်းဖြူများက ပြေးပြေးလွှားလွှား ရောက်လာကြသည်။ ဓနိလှေမှာ လှိုင်းသရမ်းများကို တစ်လုံးပြီးတစ်လုံး ကျော်နင်းရင်း ရှေ့သို့ အင်အားရှိသမျှ တိုးနေပေသည်။ လေတိုးအား သိပ်မရှိသည့် အချိန်တွင် ရွက်နှစ်ဖုံမှာ လေလျော့ကျပြီး တဖြန်းဖြန်း ရုန်းခါလှုပ်ရှားနေပေ၏။ ကျွန်တော့်မှာ ရွက်သို့ လေဝင်ရေးကိုသာ ပစ်မှတ်ထားပြီး ကြိုးစားနေရသည်။ လေတစ်ဖက်စီး ဝင်တိုးနေမှုကြောင့် လှေမှာ ခပ်စောင်းစောင်း ရွေ့လျားနေပေသည်။ သို့သော် သွားသည်ဟုဆိုရုံမျှသာ။ သိပ်တော့အဟုတ်ကြီး မဟုတ်။ တဖြည်းဖြည်းနဲ့ နေမွန်းစောင်းလာခဲ့ချေပြီ။

"ဟာ.... ဟဲ့ ဟဲ့ ဟဲ့၊ လှေစောင်းသွားပြီ လှေစောင်းသွားပြီ ဘယ်လိုလုပ်ကြမှာတုံး လုပ်ကြပါအုံး"

မမျှော်လင့်သောအဖြစ်မို့ ကျွန်တော့်မှာ ဆောက်တည်ရာမရတော့ပေ။ ဟော ဓနိလှေတိမ်းစောင်းပြီး နစ်မြုပ်သွားခဲ့လေပြီ။ ရှေ့ဘက်ဓနိပုံရော နောက်ဘက်က ဓနိပုံများပါ ဖရိုဖရဲဖြင့် ပြိုကွဲသွားကြလေပြီ။ လှိုင်းစစ်သည်တို့၏ တိုက်စစ်ကြောင့် ဓနိပုံများကို အစုအပုံဟူ၍ပင် မမြင်လိုက်ရတော့ပေ။ ပင်လယ်ရေပြင်ထဲသို့ တစ်ချပ်ချင်းလွင့်မျောပါသွားခဲ့ကြလေပြီ။

ပုဆိုးလေးတစ်ကွင်းနှင့် အင်္ကျီလေးတစ်ထည်ကို ထည့်ယူလာသော ညီလေး၏ချည်လွယ်အိတ်ကလေးမှာ ချာလပတ်လည်ပြီးမျောသွားရာ ညီလေးက ကမန်းကတန်း လှမ်းကောက်ဆွဲလိုက်သည်။ ချက်ချင်းပင် တစ်ပတ်လျှိုချည်ထားသော လွယ်အိတ်ကွင်းကလေးကို ညီလေးလက်လျှိုသွင်းကာ ချိုင်းကြားတွင်ညှပ်ထားလိုက်သည်။ ညီလေး၏မျက်နှာနုထွတ်ထွတ်ကလေးမှာ ကြောက်ရွံ့စိတ်ဖြင့် ဆောက်တည်ရာမရဖြစ်နေ၏။ တစ်ဆက်တည်းပင် ကျွန်တော်လည်ပင်းကို ဖက်တွယ်ထားလိုက်သည်။ ညီလေးခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်နေ၏။

"သိန်းနုအောင်၊ မြသိန်း မင်းတို့ရွက်တွေ ကြိုးတန်းလန်းကြီးဖြစ်နေတယ်။ နုတ်ပစ်လိုက်ကြ"

သိန်းနုအောင်နှင့်မြသိန်းတို့မှာ ရွက်တိုင်ကိုနုတ်ပစ်လိုက်ကြရာ မြစ်ပြင်ကျယ်အောက် နစ်မြုပ်ဆင်းသွားခဲ့လေပြီ။ သိပ်မကြာ လှေမှာအလေးညီသွားပြီး ပြန်လည်တည့်မတ်သွားသည်။ သို့သော် လှေမှာ ရေပေါ်သို့ လုံးလုံးကြီးပေါ်မလာ။ လှေဝမ်းဗိုက်သားကိုနင်းပြီး လူသုံးယောက်မတ်တပ်ရပ်နေလျှင် ဦးခေါင်းကလေး သုံးလုံးပေါ်ရုံမျှသာပေါ်သည်။ လှိုင်းတစ်လုံးစီ ပြေးရိုက်လိုက်တိုင်း ဦးခေါင်းကို ကျော်နင်းသွားကြသည်။ လှိုင်းတွေ ဦးခေါင်းပေါ်မှ လျှောကျသွားမှသာ မျက်နှာကို လက်တစ်ဖက်ဖြင့် အလုအယက် ပွတ်သပ်ချရသည်။ ကျွန်တော်တို့တစ်တွေမှာ နေပူလောင်မှုနှင့် ဆာလောင်မှုဒဏ်တို့အပြင် လှိုင်းရိုက်ဒဏ်ကိုပါ ခံနေကြရပေပြီ။

လှိုင်းနှင့်အတူ လွင့်စဉ်မသွားစေရေးအတွက် သိန်းနုအောင်နှင့်မြသိန်းတို့က ခတ်တက်စင်ကို လက်လျှိုသွင်းပြီး တွယ်ချိတ်ထားကြသည်။ ကျွန်တော့်မှာ ညီလေးကို ပခုံးပေါ်မတင်ပြီး ခြေထောက်နှစ်ဖက်နှင့် ကျွန်တော့်လည်ပင်းကို ညှပ်ထားလိုက်သည်။ သူ့လက်ချောင်းကလေးများဖြင့် ကျွန်တော့်မေးစေ့အောက်နားကိုတင်းတင်းကိုင်ထားသည်။ သည်အတိုင်းဆို ညီလေးဦးခေါင်းတစ်လုံးက လှိုင်းရိုက်ဒဏ်မှ လွတ်နေပေသည်။ တော်သေးရဲ့။ ကျွန်တော်တို့လိုသာ ညီလေးခံနေရလျှင် ဘယ်သို့နေလေမလဲ။ ကျွန်တော် ဆက်မတွေးရဲတော့။ ရေသေရက်မို့လို့ လှိုင်းသိပ်မကြီး လို့တော်သေးသည်။

ဆက်လက်ဖော်ပြပါမည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၈၅၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲ စိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးလာပြီး အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းခန့် ရှိပြီး မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ပန်းတိုင်ရောက်ဖို့

- ကိုယ်နိုင်ရာ တာဝန်ထမ်း
ဘဝလမ်း သာယာစေ၊
ပျင်းရိပယ် အလုပ်ကြိုးစား
ရိုးသားမိတ်ဆွေ၊
ဖြတ်လမ်းလည်း ရှောင်ကြဉ်လေ
ဇွဲမာန်တွေ မရပ်ဘဲ၊
တစ်နေ့တွင် ပန်းတိုင်ရောက်မယ်
ထွန်းတောက်အောင်ပွဲ။

- အရိပ်လိုသော် နေပူထဲ
လျှောက်ရဲမှ ရလိမ့်မည်၊
အတွေ့ကြုံ ရင့်ကျက်ခြင်းနဲ့
ဖြေရှင်းသင့်သည်၊
သမာသမတ် လမ်းစဉ်ညီ
ကတိတည် လုပ်ရပ်များ၊
နာမည်တွင် သမိုင်းလှလို့
စံပြစေသား။

- အချိန်ကို တန်ဖိုးထား
သင်လှုပ်ရှား နေထိုင်ပါ၊
ဖြစ်ထွန်းမည် စီးပွားအကျိုး
တိုးတက်လို့လာ၊
အဓိပ္ပာယ်ရှိ ဘဝမှာ
ပျော်ရွှင်စရာ ပီတိဖြစ်၊
ဘဝကို အကောင်းဆုံး
သုံးချထုဆစ်။

- လဲကျသော် စိတ်မညစ်
အတွေးသစ် သင်ဖော်ဆောင်၊
အားအင်ယူ ဇွဲမလျှော့
ခေါင်းမော့လျက်ထောင်၊
သင့်ဘဝ အလင်းရောင်
ခွင်းအမှောင် စံချိန်မြှင့်၊
အောင်မြင်စေ ယုံကြည်ချက်ဖြင့်
ရှေ့ဆက်သွားသင့်။ ။

ဖြိုးထက်(ရေစကြို)

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ပင်လယ်ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင် စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့် စည်ဖောင်းများကို စနစ်တကျ သန့်စင် နေပူလှန်းအခြောက်ခံပြီး ထုတ်လုပ်တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှု အားကောင်းနေတာကြောင့် အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကလဲ ငါးစည်ဖောင်းခြောက်တွေကို စားသောက်ဆိုင်တွေ၊ဟိုတယ်တွေမှာ စားသုံးသူများတော့ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်

ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ပင်လယ်ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးပုတ်သင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀၊ ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၀ မှ ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဒိုက်ဦးမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဒိုက်ဦး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ဘုရားကြီးကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၃၇ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဘုရားကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းပွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါး၊များကိုဖွင့်ထားပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း၊များ ပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

ခရီးသွားဆောင်းပါး

ခရီးရှေ့သို့မောက်မယ်မြို့ ဆက်လက်သွားမည်အချိန်မီ

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်မှာ ရှမ်းအညာ ဒေသလို့တင်စားခေါ်ဆိုကြတဲ့ လင်းခေးမြို့ရှိရာကို ရောက်လာခဲ့ကြပြီး ရောက်ရောက်ချင်း နားနေစားသောက်ပြီးကြပါပြီ။ မိမိသူငယ်ချင်းဖြစ်သူတို့က သစ်ပင်ရိပ်ကောင်းကောင်းအောက်မှာ ဖွင့်လှစ်ရောင်းချနေတဲ့ အအေးဆိုင်ကလေးထဲ ဝင်ရောက်ခဲ့ကြသလို ကျန်တဲ့ခရီးဖော်ကြီးတွေက လင်းခေးမြို့မှာနာမည်ကြီးတဲ့ ထမင်းချဉ်နဲ့တိုဟူးသုပ်ကို ရှာဖွေစားသောက်ကြမယ်ဆိုပြီး လမ်းခွဲထွက်ခွာသွားခဲ့ကြတာပါ။ ဒါပေမဲ့ ခရီးဖော်ကြီးတွေနဲ့ ပြန်လည်ဆုံတွေ့ကြတဲ့ အခါ သူတို့တစ်တွေက နာမည်ကျော်ထမင်းချဉ်ကို မစားခဲ့ကြရဘဲ ဝက်သားချဉ်နဲ့ဝက်အူချောင်းတွေကို သာစားခဲ့ရကြောင်း သိလိုက်ရတယ်။ စားသောက်နားနေကြလို့လဲပြီး၊ ခရီးဖော်တွေအားလုံးလဲ ပြန်ဆုံကြပြီဖြစ်တာကြောင့် အနီးအနားမြို့လယ်တစ်နေရာမှာရှိနေတဲ့ မဟာမုနိဘုရားရှိရာကို ထွက်လာခဲ့ကြတယ်။

မဟာမုနိဘုရားက လင်းခေးမြို့အလယ်၊ အဓိကလမ်းမကြီးဘေးမှာရှိနေသလို ဂန္ဓကုဋ္ဌိတိုက်ထဲကို ဝင်ရောက်သွားလိုက်တာနဲ့ ရုပ်ပွားတော်ကြီးကိုတွေ့မြင်ဖူးမြော်ကြရတယ်။ ရုပ်ပွားတော်ကြီးရဲ့ ပုံသဏ္ဌာန်မှန်ခြာက တွေ့မြင်ဖူးမြော်နေကျဖြစ်တဲ့ မဟာမုနိရုပ်ပွားတော်တွေအတိုင်းပါ။ ဒါပေမဲ့ ထူးခြားချက်အဖြစ် ရုပ်ပွားတော်ကြီးကို လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေနဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်မှာ ကျောင်းတော်တိုင် စိုက်ထူတည်ထားခဲ့ကြောင်း သိရတယ်။ ဒီအကြောင်းကိုလဲ ဂန္ဓကုဋ္ဌိတိုက်အတွင်း ထင်ရှားမြင်သာတဲ့နေရာမှာ ရေးသားဖော်ပြထားတာကို တွေ့မြင်နေရတယ်။ မဟာမုနိဘုရားဝင်းရဲ့ နောက်မှာ မဟာဝိဟာရ စာသင်တိုက်ကြီးရှိနေပေမဲ့ မဝင်ဖြစ်ခဲ့ကြတော့ပါဘူး။

မဟာမုနိဘုရားကို ဖူးမြော်လေ့လာပြီးကြတာနဲ့ ရေပူစမ်းရှိရာကို ထွက်လာခဲ့ကြတယ်။ ရေပူစမ်းက လင်းခေး-မိုင်းပန်-မိုင်းတုံ-မိုင်းဆက်-တာချီလိတ် ကားလမ်းအနီးမှာရှိနေတာကြောင့် မြို့အပြင်ကို ထွက်တဲ့လမ်းအတိုင်း မောင်းနှင်လာခဲ့ရတယ်။ မကြာခင်မှာ လင်းခေးမြို့အထွက် နမ့်တိန်ချောင်းနဲ့တံတားကို ဖြတ်သန်းကြရတယ်။ ချောင်းနဲ့တံတားကိုဖြတ်သန်းခဲ့ပြီး ငါးမိုင်ကျော်လောက် မောင်းလာတဲ့အခါ ရေပူစမ်းလမ်းခွဲကို ရောက်လာခဲ့ကြတယ်။ လမ်းခွဲမှာ အုံ့ဖွယ်ထူးဆန်း၊ လင်းခေးရေပြာရေပူစမ်း၊ သဘာဝရေထိန်းသစ်တော ဇရိယာ ဇက ၂၀ ဆိုတဲ့ ဆိုင်းဘုတ်တစ်ခုနဲ့အတူ ရှမ်း၊ မြန်မာနှစ်ဘာသာနဲ့ လုံမိန်းနမ့်အွန်ရွာ၊ လင်းခေးမြို့ရေပူစမ်းကန်လို့ ရေးသားထားတဲ့အဝင်မုခ်ဦးတစ်ခုကိုလဲ တွေ့မြင်လိုက်ရတယ်။ အဝင်မုခ်ဦးကနေ ကျောက်ချောလမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ပြီး မိနစ်ပိုင်း၊ အချိန်တိုကလေးအတွင်းမှာ ရေပူစမ်းကိုရောက်လာခဲ့ကြတယ်။

ရေပူစမ်းကိုရောက်ရောက်ချင်း စောင်းဘောက် (Sound Box)ငယ်လေးတွေနဲ့ သီချင်းတွေဖွင့် ပျော်မြူးနေကြတဲ့ ဒေသခံလူငယ်လူရွယ်တွေ၊ ရေပူစမ်းရဲ့ သတ်မှတ်နေရာအသီးသီးမှာ ရေချိုး၊ ရေကစားနေကြသူတွေကို စတင်မြင်တွေ့နေရတယ်။ ရေပူစမ်းက သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းတွေအလယ်မှာ တည်ရှိနေတယ်။ ရေတွေစီးဆင်း၊ စိမ့်ထွက်နေတဲ့ သဘာဝကန်ကြီးကနေ သံဃာတော်တွေရေချိုးရန်၊ အမျိုးသားတွေရေချိုးရန်၊ အမျိုးသမီးတွေ ရေချိုးရန်ဆိုပြီး အကန့်လိုက်၊ အကန့်လိုက် အနိမ့်အမြင့်နေရာတွေ သတ်မှတ်ပေးထားတယ်။ သံဃာတော်တွေရေချိုးကြဖို့အတွက် သတ်မှတ်ပေးထားတဲ့နေရာမှာ ရေချိုးနေကြသူတွေမရှိကြပေမဲ့ ကျန်တဲ့ အမျိုးသားနဲ့အမျိုးသမီးနေရာတွေမှာ ရေချိုးနေကြသူတွေ ရှိနေကြတယ်။ အများစုက အမျိုးသမီးကြီးတွေနဲ့ ကလေးငယ်လေးတွေပါ။ ရေပူစမ်းမှာရေချိုးနေကြသူတွေ၊ သီချင်းဖွင့်ပျော်မြူးနေကြတဲ့ လူငယ်တွေကလွဲပြီး တခြားစျေးဆိုင်တန်းတွေ၊ အမှတ်တရပစ္စည်းဆိုင်တွေ၊ ဘုရား၊ကျောင်း၊ကန်၊စေတီပုထိုးနဲ့ ဘုန်းကြီးကျောင်းလိုနေရာ အဆောက်အအုံတွေ ဘာမှမရှိကြပါဘူး။ ရေပူစမ်းတစ်ခုတည်းသာ သီးသီးသန့်သန့်တည်ရှိနေတယ်။

ရေပူစမ်းမှာ ထွေထွေထူးထူး လေ့လာကြည့်ရှုစရာလဲမရှိ၊ ရေစိမ်၊ ရေချိုးကြတာမျိုးတွေကိုလဲ မလုပ်ချင်ကြတာကြောင့် အမှတ်တရနဲ့ မှတ်တမ်းဓာတ်ပုံတွေလောက်သာ ရိုက်ယူခဲ့ကြပြီး ပြန်ထွက်လာခဲ့ကြတယ်။ လမ်းဆုံကိုရောက်တဲ့အခါ ကျန်တဲ့ခရီးဖော်တွေအားလုံး မရောက်ဖူးကြသေးတဲ့ မိုင်းပန်မြို့ရှိရာကို ပို့ဆောင်ပေးဖို့ စဉ်းစားစိတ်ကူးမိလိုက်သေးတယ်။ ဒါပေမဲ့ မိုင်းပန်မြို့က သေးငယ်ပြီး ဘာမှမရှိတာတွေ၊ လင်းခေးနဲ့မိုင်းပန်က ၃၁ မိုင် ဝေးကွာနေသေးလို့ အသွားအပြန် မိုင် ၆၀ ကျော် မောင်းနှင်ရမှာတွေ၊ ခရီးကြာချိန်တွေ၊ ဒီနေ့ညမိုးနဲ့ မြို့ကို အရောက်ပြန်ပြီး နားနေအိပ်စက်ကြရမှာတွေ စတာတွေကို ဆက်စပ်တွေးတောမိလိုက်ပြီး မိုင်းပန်မြို့ကို မသွားတော့ဘဲ လင်းခေးမြို့ကိုပြန်လည်မောင်းလာခဲ့ရတယ်။ ခရီးအစီအစဉ်အရ လင်းခေးကနေ မောက်မယ်၊ မောက်မယ်မြို့မှာ လေ့လာစရာတွေကို လေ့လာပြီးရင် မိုးနဲ့မြို့မှာ တစ်ညတာအိပ်စက်ကြရမှာပါ။

ရေပူစမ်းကနေ လင်းခေးမြို့ဘက်ကို ပြန်လည်မောင်းလာနေရင်းနဲ့ ခရီးဖော်ကြီးတစ်ယောက်က အလာခရီးတုန်းက လမ်းဘေးမှာထန်းရည်ဆိုင်လေးတွေမြင်ခဲ့တယ်။ ရှမ်းအညာကထန်းရည်ကောင်း၊ မကောင်း မြည်းစမ်းကြည့်ကြရအောင် အဆင်ပြေတဲ့ ဆိုင်တစ်ဆိုင်မှာ ရပ်ပေးပါအုံးဆိုတာနဲ့ အရိပ်လဲကောင်း၊ ထိုင်စရာလဲအဆင်ပြေတဲ့ ဆိုင်တစ်ဆိုင်မှာ ကားရပ်လိုက်ရတယ်။ တမာပင်ရိပ်၊ ထန်းလက်တဲ၊ ထန်းပလပ်ထိုင်ခုံတွေ၊ ကွပ်ပျစ်တွေရှိနေတဲ့ ထန်းရည်ဆိုင်လေးက ထိုင်ချင်စရာလဲကောင်းနေတယ်။ ကားပေါ်ကနေဆင်းခဲ့ကြပြီး အသီးသီးနေရာယူထိုင်လိုက်ကြတဲ့အခါမှာလဲ လေတဖြူးဖြူးနဲ့ ထိုင်လို့ကောင်းနေပြန်တယ်။ သကြန်းပွဲတော်ကာလ အကျနေ့ဖြစ်နေပေမဲ့ ဆိုင်ထဲမှာ သောက်သုံးနေကြသူတွေမရှိတာကလဲ ထူးခြားနေပါတယ်။ ရောက်တုန်းကြံ့တုန်း ဗဟုသုတနဲ့ အတွေ့အကြုံရရှိကြဖို့အတွက်၊ ဆေးဖြစ်ဝါးဖြစ်အတွက် ထန်းရည်မှာလိုက်တဲ့အခါ မြူအိုးတွေနဲ့ မဟုတ်ဘဲ ရေသန့်ဘူးတွေနဲ့ဖြစ်နေပါတယ်။ ထန်းရည်မသောက်သူ၊ မကြိုက်တဲ့သူတွေပါနေတာကြောင့် ရေသန့်ဘူးနှစ်ဘူးသာမှာယူလိုက်ပြီး ကြက်သွန်နီနှိုင်နှိုင်၊ ကြာညို့ကောင်းကောင်းနဲ့သုပ်ထားတဲ့ ပဲခြမ်းသုပ်နဲ့အရသာခံကြရတယ်။ ဆိုင်ရှင်ကလဲ ထန်းရည်မသောက်ကြတဲ့သူတွေအတွက် ရေနွေးကြမ်းအိုးတစ်အိုး လာချပေးထားတာ ပဲခြမ်းသုပ်က ထန်းရည်သောက်နေကြတဲ့ သူတွေအတွက် မဟုတ်တော့ဘဲ ရေနွေးသောက်နေကြသူတွေအတွက် ဖြစ်သွားရတာကြောင့် နောက်ထပ်တစ်ပွဲ ထပ်မံမှာယူလိုက်ရတယ်။

ထန်းရည်သောက်ကြရင်း၊ ရေနွေးသောက်ကြရင်း၊ ပဲခြမ်းသုပ်ကိုစားနေကြရင်း ထန်းရည်ဆိုင်လေးကို သေသေချာချာလေ့လာကြည့်တော့ ဆီစက်၊ ဆန်စက်တွေနဲ့ တွဲဖက်နေတာဖြစ်ကြောင်း သိလိုက်ရတယ်။ ထန်းရည်ဆိုင်ဖွင့်လှစ်ရောင်းချနေကြသူတွေက ဆီစက်၊ ဆန်စက်ပိုင်ရှင်ကြီးတွေပါ။ လင်းခေးဒေသမှာ ဆီတွေ၊ ဆန်တွေ၊ ပဲအမျိုးမျိုးတွေလဲ ထွက်ကြတယ်။ ဆိုင်ရှင်ရဲ့ပြောပြချက်အရ ပဲဆီစစ်စစ်နဲ့ နှမ်းဆီစစ်စစ်ရတယ်ဆိုလို့ ပြင်ဦးလွင်ကို ဖုန်းဆက်မေးမြန်းကြည့်တော့ စျေးနှုန်းကွာခြားမှုရှိတာနဲ့ မဝယ်ဖြစ်တော့ပါဘူး။ စျေးနှုန်းလဲကွာနေတယ်၊ ဆီကလဲကောင်းတယ်ဆိုရင်တော့ ဝယ်ဖြစ်ခဲ့ကြမှာပါ။ ဒါပြင် ထန်းရည်ကလဲ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ စတဲ့ ဒေသတွေကိုမမီဘဲ တစ်ခုခုလိုနေသလိုခံစားနေရတယ်။

စားသောက်ပြီးကြတာနဲ့ မောက်မယ်မြို့ကိုဆက်လက်သွားရောက်ကြဖို့အတွက် ထွက်လာခဲ့ကြတယ်။ မကြာခင်မှာ လင်းခေးမြို့အဝင်ကို ပြန်လည်ရောက်လာခဲ့ပြီး မောက်မယ်သွားတဲ့လမ်းကို မေးမြန်းစုံစမ်းကြည့်တော့ လင်းခေးမြို့ကို ဖြတ်သန်းသွားရမှာဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့် လင်းခေးမြို့တွင်းကို ဖြတ်သန်းမောင်းနှင်လာရင်းနဲ့ အဆိုတော် စိုင်းထီးဆိုင်ရဲ့အိမ်ရှေ့ရောက်တဲ့အခါ ကားခဏရပ်ပြီး ဓာတ်ပုံတစ်ပုံရိုက်လိုက်ရသေးတယ်။ ဓာတ်ပုံရိုက်ပြီး ပြန်ထွက်လာတာနဲ့ ခရီးစဉ်တစ်လျှောက်လုံးမှာ တစ်ခါမှမကြုံဆုံ၊ မခံစားရသေးဖူးတဲ့ ရေပက်တာမျိုးကို ခံကြရတော့တာပါ။ လင်းခေးမြို့ထဲမှာ ကလေး၊ လူကြီး၊ လူငယ်လူရွယ်တွေ အကုန်နေရာအနှံ့ ရေပက်၊ ရေကစားနေကြတာကြောင့် ကားမှန်တွေအလုံပိတ်ပြီး မောင်းနေရတယ်။ နည်းနည်းလောက်ရှင်းသွားတဲ့အခါ မှန်တွေပြန်ဖွင့်လိုက်ကြ၊ ရေပက်တဲ့နေရာတွေရောက်ရင် ပြန်ပိတ်လိုက်ရန်နဲ့ အလုပ်ရှုပ်ကြရတယ်။ ဒီလိုနဲ့ မြို့ပြင်ကိုရောက်လာတော့မှ ရေပက်သူတွေ ရှင်းသွားကြတယ်။

မြို့အပြင်ကိုရောက်လာတာနဲ့ တစီတတန်းအများအပြား တွေ့မြင်လာရတာက ဗာဂျီနီးယားဆေးပေါင်းရုံတွေပါ။ ဆေးပေါင်းရုံတွေရဲ့ပုံစံက အမရပူရ၊ မြစ်ငယ် စတဲ့မြို့တွေမှာ တွေ့မြင်ရတဲ့အတိုင်း ပုံသဏ္ဌာန်တွေတူညီနေတယ်။ ငယ်စဉ်ကာလ ကလေးဘဝတုန်းက ပထဝီဝင်ကျောင်းသင်ခန်းစာထဲမှာ ကျက်မှတ်ခဲ့ရတဲ့ လင်းခေးမြို့၊ ဆေးတံသောက်ဆေးစက်ရုံ၊ ဆေးတံသောက်ဆေးလုပ်ငန်းဆိုတာ ဒီနေရာတွေဖြစ်မယ်ထင်ပါတယ်။ စာတွေကျက်မှတ်နေရတဲ့ အဲဒီအချိန်တွေတုန်းကတော့ နောင်တစ်ချိန်မှာ ဒီနေရာ၊ ဒီဒေသတွေကို ရောက်လိမ့်မယ်လို့မထင်မှတ်၊ မစဉ်းစားမိခဲ့ပါဘူး။ ဒါပေမဲ့ အခုအချိန်မှာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့သလို ငယ်စဉ်ကကျောင်းသင်ခန်းစာတွေကိုလဲ ပြန်လည်သတိရမှတ်မိလာခဲ့တယ်။ ဆေးပေါင်းရုံတွေကတော့ အရင်လို အင्ဂေ့တလူလူနဲ့ လည်ပတ်လှုပ်ရှားမှုမရှိကြတော့ဘဲ ရပ်နားဆိတ်ငြိမ်ကုန်ကြပါပြီ။

ဗာဂျီနီးယားဆေးပေါင်းရုံတွေနားမှာ ကားကိုခဏရပ်၊ မှတ်တမ်းဓာတ်ပုံရိုက်ယူပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ လမ်းအခြေအနေက အပူပိုင်းဒေသတွေမှာ မောင်းနှင်နေရတဲ့ လမ်းမျိုးတွေအတိုင်း ကတ္တရာလမ်းပေါ်မှာ ဖုန်တွေဖွေးဖွေး၊ လမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်ချုံနွယ်တွေပေါ်မှာ ဖုန်တွေတဖွေးဖွေးနဲ့ပါ။ ဒါပြင် လမ်းပေါ်မှာ အသွားအလာမရှိတော့ဘဲ ရှင်းလင်းနေတယ်။ မြို့အပြင်ကိုရောက်ရှိလာပြီး မကြာခင်မှာ ချောင်းနှစ်ချောင်းဆုံတဲ့နေရာနဲ့ တံတားတစ်ခုကိုရောက်ရှိလာတယ်။ ချောင်းနှစ်ချောင်းရဲ့ ထူးခြားချက်က တစ်ချောင်းရဲ့ရေတွေက အလွန်နောက်ကျိုဝါထိန်နေပြီး နောက်တစ်ချောင်းအတွင်းမှာရှိတဲ့ရေတွေက အလွန်သန့်စင်ကြည်လင်စိမ်းမြနေတာပါ။ အသွင်သဏ္ဌာန်အရောင်အဆင်း လုံးဝမတူညီကြတဲ့ အဲဒီချောင်းနှစ်ချောင်းက ပေါင်းစုံပြီး ဆက်လက်စီးဆင်းနေကြသလို ချောင်းအတွင်းမှာရှိနေကြတဲ့ ရေတွေကလဲ သူ့အပိုင်းနဲ့သူ တစ်ဖက်တစ်ချက်စီ မရောမထွေးကြဘဲ သီးသီးသန့်သန့် စီးဆင်းနေကြတာကို ဖြတ်သန်းမောင်းနှင်နေရတဲ့ တံတားပေါ်ကနေ မြင်တွေ့နေရတယ်။ ဒီလိုထူးထူးခြားခြား တွေ့မြင်နေရတဲ့မြင်ကွင်းကြောင့် ကားကိုခဏရပ်ပြီး ဓာတ်ပုံတွေရိုက်ယူရင်း လေ့လာကြည့်ရှုကြရတယ်။ မြင်ကွင်းအနေအထားက အင်္ဂလိပ်အက္ခရာပိုင်(Y) ပုံသဏ္ဌာန်ဖြစ်နေပါတယ်။ ချောင်းတွေရဲ့ ပိုင်(Y) ပုံသဏ္ဌာန်မြင်ကွင်းကို ဆေးရောင်ခြယ်ပန်းချီဆွဲမယ်ဆိုရင် ထိပ်နှစ်ဖက်က အဝါရောင်နဲ့အစိမ်းရောင်ဖြစ်နေပြီး အောက်အမြီးပိုင်းက သူ့လိုင်းနဲ့သူ အဝါရောင်နဲ့ အစိမ်းရောင်ကို ခွဲခြားရေးဆွဲပေးရမှာပါ။

ထူးခြားဆန်းပြားတဲ့ချောင်းတွေနဲ့ ချောင်းရေတွေကိုကြည့်ရှုပြီး ဆက်လက်ထွက်ခွာလာတဲ့အခါ မြင်တွေ့နေရတဲ့ ချောင်းရိုးကြီးအတိုင်း မောင်းလာရပြန်တယ်။ ကားလမ်းရဲ့လက်ယာဘက်တစ်ဖက်က တောင်ကမ်းပါးကြီးဖြစ်နေပြီး လက်ဝဲဘက်တစ်ဖက်က ချောင်းရိုးကြီးပါ။ တောင်ကမ်းပါးနဲ့ချောင်းရိုးကြားအလယ်မှာရှိနေတဲ့ကားလမ်းက အလွန်ကျဉ်းမြောင်းနေသလို တချို့နေရာတွေမှာ တောင်ကမ်းပါးဘက်က တောင်ပြို၊ မြေပြိုနေတာမျိုးတွေ၊ ချောင်းရိုးကြီးဘက်က ရေတိုက်စားခံထားရတာမျိုး ဖြစ်ပေါ်နေတာကို တွေ့မြင်နေရတယ်။ ဒါကြောင့် ကားကို အန္တရာယ်ကင်းအောင် ဖြည်းဖြည်းနဲ့မှန်မှန်မောင်းနှင်နေရတယ်။ ဒီလိုလမ်းနေရာမျိုးမှာ ကုန်တင်ကားကြီးတွေနဲ့ ခရီးသည်တင် မှန်လုံလေအိတ်ကားကြီးတွေ မောင်းနှင်သွားလာဖို့ မဖြစ်နိုင်ပါဘူး။ အခုမောင်းနေရတဲ့လမ်းရဲ့အခြေအနေက အန္တရာယ်များပြီး အနည်းငယ်ဆိုးရွားနေသလို မိုးရာသီ မိုးသည်းထန်လွန်းတဲ့နေ့တွေ၊ ရက်တွေ၊ အချိန်တွေမှာသွားလာမောင်းနှင်လို့ မရနိုင်ဘူးထင်ပါတယ်။ ဒါပြင် ရှေ့ကို ဆက်လက်မောင်းနှင်သွားလာရမဲ့ လင်းခေး-မောက်မယ် ၂၆ မိုင်ခရီးမှာ ဘာတွေတွေ့မြင် ကြုံဆုံကြရအုံးမလဲဆိုတာကိုလဲ ကြိုတင်မသိမမြင်နိုင်ကြသေးပါဘူး။ ရှမ်းအညာလို့ခေါ်တဲ့ လင်းခေးမြို့ကတော့ အနောက်မှာတဖြည်းဖြည်းနဲ့ ဝေးဝေးပြီး ကျန်ရစ်နေခဲ့ပါပြီ။ မောက်မယ်မြို့ရှိရာကို အချိန်မီရောက်အောင် ကြိုးစားမောင်းလိုက်ပါအုံးမယ်။

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ဧက ၁၉၀၇၀ စိုက်ပျိုးမည်

ယခင်က လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ဧက ၁၉၀၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၂၃၇ ဧက၊ ဘုတလင်မြို့နယ်တွင် ၂၅၉၅ ဧက၊အရာတော်မြို့နယ်တွင် ၁၅၆၈၃ ဧက၊ ချောင်းဦးမြို့နယ်တွင် ၅၅၅ ဧက စုစုပေါင်း ဧက ၁၉၀၇၀ ဖြစ်ပြီး အဆိုပါ လျှော်ဖြူများကို ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း လျှော်ဖြူဧက ၁၉၀၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ လျှော်ဖြူက ရေငတ် ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးစား မရွေးပေါက်ရောက်တယ်။ဒါကြောင့် လျှော်ဖြူကို ဒေသမရွေးစိုက်ပျိုးလို့ ရပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးနေပြီး GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် စိုက်ခင်းမှ ထွက်ရှိလာသော လျှော်ဖြူကို GAP လက်မှတ်ထုတ်ပေးမည်ဖြစ်ကာ GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောလျှော်ဖြူသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသော လျှော်ဖြူထက် စျေးကွက်ပိုမိုခိုင်မာလာနိုင်ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

သာယာဝတီမြို့နယ် စာဖြူစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာယာဝတီ ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာဖြူစုကျေးရွာနှင့် ဂရံစုကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက စာဖြူစုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စာဖြူစုကျေးရွာနှင့် ဂရံစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသား၊အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

စာအုပ်စာပေ လူမှိတ်ဆွေ

တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းတွင် ဇွန် ၁၁ ရက် ည ၇ နာရီက ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း တရုတ်နိုင်ငံအခြေစိုက် ငလျင်စောင့်ကြည့်ရေးဗဟိုစင်တာ(CENC)က ထုတ်ပြန်ခဲ့သည်။

ငလျင်ဗဟိုချက်သည် ထိုင်ဝမ်ကျွန်း၏ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၁ ဒသမ ၇၂ ဒီဂရီတွင်ဖြစ်ပြီး မြေအောက်အနက် ကီလိုမီတာ ၂၀ တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်(တိုင်ပေ) အပါအဝင် ကျွန်းပေါ်ရှိ နေရာအတော်များများတွင် ငလျင်လှုပ်ခတ်မှုကို ခံစားခဲ့ရသော်လည်း ယခုအချိန်ထိ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူနေအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် ဓာတ်တိုင်တချို့ ပြိုလဲခဲ့ကြောင်း၊ အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း၊ လတ်တလောလူသေဆုံးမှု မရှိသေးသော်လည်း ထိခိုက်ဒဏ်ရာ ရရှိသူများရှိကြောင်း၊ အပျက်အစီးအတိအကျကို သက်ဆိုင်ရာက စစ်ဆေးနေဆဲဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ထောင်ယွမ်လေဆိပ်၏ ဝန်ဆောင်မှုများကို ယာယီရပ်ဆိုင်းထားပြီး တရုတ်(တိုင်ပေ)တွင် ပြေးဆွဲနေသော မြေအောက်ရထား ဝန်ဆောင်မှုများကိုလည်း အရှိန်လျှော့ပြေးဆွဲနေရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

ဂျပန်နိုင်ငံအနောက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေဆဲဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်

တိုကျို ဇွန် ၁၂

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနေဆဲဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများတွင် မိုးတိမ်တောင်များ ဆက်လက်ဖြစ်ထွန်းနေပြီး မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်သောကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် မြေပြိုမှုများဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက် အဆိုပါဒေသတွင် နေထိုင်သူများအတွက် အန္တရာယ်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရေပြင်၊ မြေပြင်လေသည် ပြင်းထန်စွာ တိုက်ခိုက်နေသည့်အတွက် လေဆင်နှာမောင်းဖြစ်နိုင်ခြေရှိကြောင်း၊ နိုင်ငံ၏ အနောက်ပိုင်း ဒေသများတွင် မိုးရေချိန် လက်မများအနေဖြင့် အာရှီခီတာမြို့နှင့် ကူမာမိုတိုမြို့တွင် ၄၄ မီလီမီတာ၊ မိနာမီမြို့၊ တိုကူရီးမားမြို့၊ အာခီမြို့နှင့် ခိုချီမြို့တို့တွင် ၅၃ ဒသမ ၅ မီလီမီတာ၊ ကန်တို-ကိုရှင်မြို့၊ ခင်ခါမြို့၊ ရှိခိုခုမြို့နှင့် ကျူရှူကျွန်းတို့တွင် မီလီမီတာ ၈၀၊ တိုကိုင်မြို့တွင် မီလီမီတာ ၁၀၀ ထိရှိကြောင်း သိရသည်။

ဂျပန်မိုးလေဝသအေဂျင်စီက မိုးသည်းထန်စွာ ရွာသွန်းမှုသည် နေ့စဉ်ရက်ဆက် ဖြစ်လာသည့်အတွက် မြေပြိုမှုအန္တရာယ်သည် ပိုမိုမြင့်မားကာ လက်ရှိအချိန်ထိ မြေပြိုမှုကြောင့် လူသေဆုံးမှုများ လည်းရှိသဖြင့် ဒေသခံများကို ကျယ်ပြန့်သော ဒေသများသို့ ခေတ္တပြောင်းရွှေ့ နေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၄၉ ဦးထက်မနည်း မြင့်တက်လာ

ပရီတိုးရီးယား ဇွန် ၁၂

တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၄၉ ဦးထက်မနည်း မြင့်တက်လာပြီဖြစ်ကြောင်း တောင်အာဖရိက အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်အာဖရိကနိုင်ငံတွင် ပြီးခဲ့သော ရက်သတ္တပတ်က စတင်၍ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်လာရခြင်း ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အိစ်တန်းကပ်စီရင်စုတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသကဲ့သို့ လျှပ်စစ်မီး ပြတ်တောက်မှုများလည်း ရင်ဆိုင်နေရကြောင်း သိရသည်။

"အိစ်တန်းကပ်စီရင်စုမှာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က စတင်ခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၄၉ ယောက်ထိ မြင့်တက်လာပြီ ဖြစ်ပါတယ်။ စိတ်မကောင်းစရာကတော့ ကျောင်းကားတစ်စီး ရေစီးနဲ့မျောပါပြီး ကျောင်းသား၊ ကျောင်းသူတချို့ သေဆုံးခဲ့ပါတယ်"ဟု အိစ်တန်းကပ်စီရင်စု ဝန်ကြီးချုပ် အော်စကာက ပြောကြားခဲ့သည်။

ကျောင်းကား ရေစီးနှင့်မျောပါသွားမှုတွင် သေဆုံးသူ ခြောက်ဦးရှိပြီး ပျောက်ဆုံးနေသူ လေးဦးရှိကြောင်း၊ အဆိုပါ ကျောင်းကားပေါ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး သေဆုံးခဲ့ပြီး ယာဉ်မောင်းနှင့် အကူတို့ပါဝင်ခဲ့ကာ ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် ၂၀၂၅ ခုနှစ်အတွင်း အင်အားပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်း လေးကြိမ်ဝင်ရောက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

ဝါရင်တန် ဇွန် ၁၂

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် ယခုနှစ် ဟာရီကိန်းမုန်တိုင်းရာသီအတွင်း အင်အားပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်း လေးကြိမ်ထိ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း National Oceanic and Atmospheric Administration (NOAA) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ဟာရီကိန်းမုန်တိုင်းများ၏ ပြင်းအားမှာ တစ်နာရီလျှင် ၁၁၁ မိုင်နှုန်းထိ ရောက်ရှိသွားနိုင်ပြီး ဟာရီကိန်းရာသီအတွင်း ဝင်ရောက်လာနိုင်သည့်ဟာရီကိန်းမုန်တိုင်း ခန့်မှန်းအကြိမ်ရေ ၁၇ ကြိမ်တွင် ကော်လိုရာဒိုပြည်နယ်သို့ ဝင်ရောက်မည့် ဟာရီကိန်းမုန်တိုင်း လေးကြိမ်မှာ အားအပြင်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ ကော်လိုရာဒိုပြည်နယ်သို့ ဝင်ရောက်လာနိုင်သည့် ဟာရီကိန်းမုန်တိုင်းများကြောင့် အပြောင်းအလဲများရှိလာနိုင်ပြီး အယ်နီညိုရာသီဥတုလည်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ယခုနှစ် ဟာရီကိန်းမုန်တိုင်းရာသီတွင် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြင့် ရင်ဆိုင်ရနိုင်သည့် ပြည်နယ်မှာ ကော်လိုရာဒိုပြည်နယ်ဖြစ်ကြောင်း National Oceanic and Atmospheric Administration (NOAA) က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ဒီကာလအတွင်း ဟာရီကိန်းမုန်တိုင်း ၁၇ ကြိမ်လောက်ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီထဲမှာမှ ကော်လိုရာဒိုပြည်နယ်ကို အားအပြင်းဆုံး ဟာရီကိန်းမုန်တိုင်း လေးကြိမ် ဝင်ရောက်ဖွယ်ရှိနေတယ်။ အယ်နီညိုရာသီဥတုလဲ ဖြစ်ပေါ်လာနိုင်တယ်။ ဒါပေမဲ့ အယ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေကတော့ ရာခိုင်နှုန်းနည်းပါတယ်"ဟု National Oceanic and Atmospheric Administration (NOAA) မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

အတ္တလန္တိတ်ပိုင်းဇုန်နှင့် ကာရစ်ဘီယံဒေသများတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်ထက်မြင့်တက်နိုင်သည့်အတွက် ရာသီဥတုလွန်ကဲမှု ပြဿနာများဖြင့် မကြာခဏ ရင်ဆိုင်သွားရမည့် အခြေအနေဖြစ်ကြောင်း National Oceanic and Atmospheric Administration (NOAA) က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၂၀၂၅ ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ ကလပ်အသင်းများအကြောင်း

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့တာဖြစ်ပေမဲ့ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်မှာတော့ အဖွဲ့ချုပ်အတွင်း အခြေအနေများကြောင့် ဆက်လက်ကျင်းပနိုင်ခြင်းမရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ ၂၀၁၅ ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့ပေမဲ့ ၂၀၂၃ ခုနှစ်ရောက်တဲ့အချိန်မှာ အသင်းထပ်မံတိုးမြှင့်ဖို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သလို လေးနှစ်တစ်ကြိမ်သာ ကျင်းပမှာဖြစ်ကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဘောလုံးအဖွဲ့ချုပ်အနေနဲ့ အဆိုပါပြိုင်ပွဲကို အခုနှစ်ကစလို့ လေးနှစ်တစ်ကြိမ်ကျင်းပသွားမှာဖြစ်သလို ပြိုင်ပွဲဆုကြေးကိုလဲ တိုးမြှင့်သတ်မှတ်လိုက်တာဖြစ်ပါတယ်။ လက်ရှိ ပုံစံသစ်နဲ့ကျင်းပမဲ့ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ယူအီးအက်ဖ်အေက ကလပ်အသင်း ၁၂သင်း၊ ကွန်မီဘောက ကလပ်အသင်းခြောက်သင်း၊ အေအက်ဖ်စီက ကလပ်အသင်းလေးသင်း၊ စီအေအက်ဖ်က ကလပ်အသင်းလေးသင်း၊ မြောက်အမေရိက၊ ဗဟိုအမေရိကနဲ့ ကာရစ်ဘီယန်ပင်လယ်ဒေသက ကလပ်အသင်းလေးသင်း၊ သမုဒ္ဒရာပိုင်းဇုန်က ကလပ်အသင်းတစ်သင်းနဲ့ အိမ်ရှင်နိုင်ငံက တစ်သင်း ဝင်ခွင့်ပြုခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၃၂ သင်းထိ တိုးမြှင့်လိုက်တာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ လက်ရှိအချိန်ထိ ဆုဖလားအများဆုံးရရှိထားတဲ့အသင်းကတော့ ယူအီးအက်ဖ်အေက ရီးရဲလ်မက်ဒရစ်အသင်းဖြစ်ပြီး ဆုဖလားငါးကြိမ်နဲ့ အအောင်မြင်ဆုံးအသင်းဖြစ်နေတာဖြစ်ပါတယ်။

အခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကိုတော့ လာမည့် ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၃ ရက်ထိ အမေရိကန်နိုင်ငံမှာ ကျင်းပသွားမှာဖြစ်ပြီး လော့အိန်ဂျယ်လိစ်၊ နယူးယောက်စီးတီး၊ ချာလော့တီ၊ အတ္တလန်တာ၊ ဖီလာဒယ်ဖီးယား၊ ဆီတယ်လီ၊ အင်တာမီယာမီ၊ အော်လန်ဒို မြို့တွေမှာရှိတဲ့ အနည်းဆုံးပရိသတ် ၂၀၀၀၀ ဝင်ဆံ့တဲ့ ကွင်းတွေမှာ ယှဉ်ပြိုင်သွားမှာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲကိုတော့ နောက်ဆုံးလေးနှစ်အတွင်းမှာ ဇုန်အလိုက်က ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ဆုဖလားရရှိခဲ့တဲ့ အသင်းတွေနဲ့ သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ အောင်မြင်မှုအများဆုံးဖြစ်တဲ့ အသင်းတွေဝင်ခွင့်ရဖို့သတ်မှတ်ခဲ့ပြီး ယူအီးအက်ဖ်အေက ပြိုင်ပွဲဝင်အသင်း ၁၂ သင်းထိ အများဆုံးဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

မဲအိုးသတ်မှတ်ချက်နှင့် အုပ်စုမဲခွဲမှုများ

အုပ်စုမဲခွဲမှုမှာတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ကလပ်အသင်းတွေရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အလိုက် မဲအိုးနံပါတ်သတ်မှတ်ခဲ့ပြီး မဲအိုးနံပါတ်တစ်မှာ ယူအီးအက်ဖ်အေနဲ့ ကွန်မီဘောက ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထိပ်ဆုံးလေးသင်းက မဲအိုးနံပါတ် (၁) မှာပါဝင်ခဲ့တာဖြစ်ပါတယ်။ မဲအိုးနံပါတ် (၂) မှာတော့ ယူအီးအက်ဖ်အေက ကျန်ရှိတဲ့ အသင်းရှစ်သင်း ပါဝင်နေပြီး မဲအိုးနံပါတ် (၃) မှာတော့ အေအက်စ်စီ၊ စီအေအက်ဖ်၊ ကွန်ကာကပ်ဇုန်တွေက ကမ္ဘာ့အဆင့်သတ်မှတ်ချက်ထိပ်ဆုံးနှစ်သင်းနဲ့ ကွန်မီဘောဇုန်က လက်ကျန်နှစ်သင်းတို့ ပါဝင်ခဲ့သလို မဲအိုးနံပါတ်(၄) မှာတော့ အေအက်ဖ်စီ၊ စီအေအက်ဖ်၊ ကွန်ကာကပ်၊ သမုဒ္ဒရာပိုင်းဇုန်နဲ့ အိမ်ရှင်အသင်းတို့ ပါဝင်ခဲ့တာကို တွေ့ရမှာပါ။

လက်ရှိ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ယူအီးအက်ဖ်အေက ကလပ်အသင်းတွေဖြစ်တဲ့ ချဲလ်ဆီးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ မန်စီးတီးအသင်း၊ ဘိုယန်မြူးနစ်အသင်း၊ ပီအက်စ်ဂျီအသင်း၊ အင်တာမီလန်အသင်း၊ ပေါ်တိုအသင်း၊ ဘင်ဖီကာအသင်း၊ ဒေါ့မွန်အသင်း၊ ဂျူဗင်တပ်အသင်း၊ အေတီကိုအသင်း၊ ဆဲလ်ဘတ်အသင်း ပါဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အုပ်စုအဆင့်မဲခွဲမှုတွေမှာတော့ အုပ်စု(A) မှာ ပေါ်တူဂီကလပ် ပေါ်တိုအသင်းက အီဂျစ်ကလပ် အယ်အာလီအသင်း၊ အိမ်ရှင် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်း၊ ဘရာဇီးကလပ် ပါမီးယက်စ်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စု(B) မှာတော့ စပိန်ကလပ် အေတီကိုအသင်းက၊ ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်း၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၊ မေဂျာလိဂ်ကလပ် ဆီတယ်ဆောင်းဒါးအသင်းတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ အုပ်စု (C) မှာတော့ နယူးဇီလန်ကလပ် အော့ကလန်အသင်း၊ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်း၊ ပေါ်တူဂီလပ် ဘင်ဖီကာအသင်း၊ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းတို့ ပါဝင်နေတာကို တွေ့ရမှာပါ။

အုပ်စု (D) မှာ အင်္ဂလန်ကလပ် ချဲလ်ဆီးအသင်း၊ တူနီးရှားကလပ် အက်စ်ပါရန့်အသင်း၊ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်း၊ မေဂျာလိဂ်ကလပ်လော့အိန်ဂျလိစ်အသင်းတို့ပါဝင်နေပြီး အုပ်စု (E) မှာ အီတလီကလပ် အင်တာမီလန်အသင်း၊ မက္ကဆီကိုကလပ်မွန်တာရေးအသင်း၊ အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်းနဲ့ဂျပန်ကလပ် အူရာဝါရက်အသင်းတို့ဖြစ်ပြီး အုပ်စု (F) မှာ ဂျာမန်ကလပ် ဒေါ့မွန်အသင်း၊ ဘရာဇီးကလပ် ဖလူမီနန်စီအသင်း၊ တောင်အာဖရိက ကလပ် ဆန်းဒေါင်းအသင်း၊ တောင်ကိုရီးယားကလပ် အူလ်ဆန်အသင်း၊ အုပ်စု (G) မှာ ယူအေအီးကလပ် အယ်အိန်းအသင်း၊ အီတလီကလပ် ဂျူဗင်တပ်အသင်း၊ အင်္ဂလန်ကလပ် မန်စီးတီးအသင်း၊ မော်ရိုကိုကလပ် ဝိုင်ဒက်ဒ်အသင်းတို့ကစားရမှာဖြစ်ပြီး အုပ်စု (H) ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်း၊ မက္ကဆီကိုကလပ် ပါချူအာအသင်း၊ စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်း၊ ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်းတို့ တစ်အုပ်စု တည်းကျရောက်နေတာဖြစ်ပါတယ်။

ဗိုလ်စွဲရန်ရေပန်းစားနေသည့်အသင်းများ

ပီအက်စ်ဂျီအသင်းဟာ လက်ရှိကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ အသင်းဖြစ်ပြီး ချန်ပီယံဆုရနိုင်ခြေ ၁၈ ဒသမ ၅ ရာခိုင်နှုန်းထိ ရှိနေတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိအုပ်စု (B) မှာ အေတီကိုအသင်း၊ ဘိုတာဖိုဂိုအသင်း၊ ဆီတယ်ဆောင်းဒါးအသင်းတို့နဲ့တစ်အုပ်စု တည်းကျရောက်နေတာကြောင့် ၁၆ သင်းရှုံးထွက်ရောက်ဖို့ ဇဝ ဒသမ ၆ ရာခိုင်နှုန်းသေချာနေတာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခြေကတော့ ၇၅ ဒသမ ၄ ရာခိုင်နှုန်းရှိနေပြီး ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခြေကတော့ ၄၉ ဒသမ ၂ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာပါ။ ဗိုလ်လုပွဲမှာတော့ ဆုဖလားရနိုင်ခြေ ၁၈ ဒသမ ၅ ရာခိုင်နှုန်းထိ ရှိနေတာဖြစ်ပါတယ်။

ဒုတိယမြောက်အသင်းကတော့ နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဖြစ်ပြီး အခုပြိုင်ပွဲမတိုင်မီ အဓိက ကစားသမားသုံးဦးထိ ခေါ်ယူပြီး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စု (G) မှာ ဂျူဗင်တပ်၊ အယ်အိန်း၊ ဝိုင်ဒက်ဒ်အသင်းတို့နဲ့ ကစားရမှာဖြစ်လို့ ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ဖို့ ၉၇ ဒသမ ၂ ရာခိုင်နှုန်းရှိနေပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခြေ ၇၃ ဒသမ ၄ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခြေကတော့ ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိနေပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခြေကတော့ ၂၉ ဒသမ ၈ ရာခိုင်နှုန်းရှိနေသလို ဆုဖလားရနိုင်ခြေကတော့ ၁၇ ဒသမ ၈ ရာခိုင်နှုန်းသာရှိတာကြောင့် ဒုတိယဆုဖလားရဖို့ ရေပန်းစားနေတဲ့ အသင်းဖြစ်နေတာကို တွေ့ရမှာပါ။

တတိယမြောက် အသင်းကတော့ နည်းပြကွန်တီတာဝန်ယူနေတဲ့ ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်း ဖြစ်ပါတယ်။ သူတို့အသင်းကလဲ အုပ်စု (C) မှာ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်း၊ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်း၊ နယူးဇီလန်ကလပ် အော့ကလန်အသင်းတို့နဲ့ တစ်အုပ်စုတည်း ကစားရမှာဖြစ်လို့ အုပ်စု အဆင့်က ကျော်ဖြတ်နိုင်ဖို့ ဇ၃ ဒသမ ၃ ရာခိုင်နှုန်းသေချာနေတာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ၆၇ ဒသမ ၅ ရာခိုင်နှုန်းထိ နိုင်ခြေအဆင့် သတ်မှတ်ခံထားရပြီး ဆီမီးဖိုင်နယ်အဆင့်မှာ ၄၂ ဒသမ ၅ ရာခိုင်နှုန်း နိုင်ခြေအဆင့် သတ်မှတ်ချက်ရှိနေတာဖြစ်တယ်။ ဗိုလ်လုပွဲတက်ရောက်နိုင်ခြေကတော့ ၂၃ ဒသမ ၇ ရာခိုင်နှုန်းရှိနေပြီး ဆုဖလားရရှိနိုင်မှုကတော့ ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိတာကြောင့် ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ တတိယမြောက် အသင်းအဖြစ် သတ်မှတ်ခံရတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းကတော့ စတုတ္ထမြောက် ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ အသင်းဖြစ်ပြီး သူတို့အသင်းဟာ အခုရာသီမှာ အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရသလို၊ အီတလီစူပါဖလားနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ဗိုလ်လုပွဲရောက်ခဲ့ပေမဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ဆုဖလားနဲ့ ဝေးကွာခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့သူတို့အသင်းဟာ အတွေ့အကြုံကောင်းတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အခုပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ အသင်းတွေထဲ ပါဝင်နေခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စု (E) မှာ မက္ကဆီကိုကလပ် မွန်တာရေးအသင်း၊ အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်း၊ ဂျပန်ကလပ် အူရာဝါရက်အသင်းတို့နဲ့ တွေ့ဆုံနေတာကြောင့် အုပ်စုချောင်နေတယ်လို့ ဆိုရမှာပါ။ ဒါကြောင့် အုပ်စုက ကျော်ဖြတ်နိုင်ဖို့ ဇ၄ ဒသမ ၇ ရာခိုင်နှုန်းထိ ရှိနေပြီး ကွာတားဖိုင်နယ်တက်ရောက်နိုင်ခြေကတော့ ၇၄ ဒသမ ၄ ရာခိုင်နှုန်းရှိနေတာ ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ချေကတော့ ၄၀ ဒသမ ၉ ရာခိုင်နှုန်းရှိနေသလို ဗိုလ်လုပွဲတက်ရောက်နိုင်ခြေကတော့ ၂၃ ဒသမ ၃ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာပါ။ ဗိုလ်လုပွဲမှာတော့ ချန်ပီယံဆုဖလားရနိုင်ဖို့ ၁၂ ဒသမ ၃ ရာခိုင်နှုန်းတာရှိတာကြောင့် စတုတ္ထမြောက် ချန်ပီယံဖြစ်ဖို့ သတ်မှတ်ခံထားရတဲ့ အသင်းဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးရထားတဲ့ ရီးရဲလ်မက်ဒရစ်အသင်းကတော့ ပဉ္စမမြောက် ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ အသင်းဖြစ်ပါတယ်။ လက်ရှိမှာတော့ အုပ်စု (H) မှာ ဆော်ဒီကလပ် အယ်ဟိုင်လာအသင်း၊ မက္ကဆီကိုကလပ်ပါချူအာအသင်း၊ ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်းတို့နဲ့ ကစားရမှာဖြစ်လို့ အုပ်စုက ကျော်ဖြတ်နိုင်ခြေ ဇ၃ ဒသမ ၄ ရာခိုင်နှုန်းထိ ရှိနေတာကို တွေ့ရမှာပါ။ ကွာတားဖိုင်နယ်မှာတော့ နိုင်ခြေအဆင့် ၅၅ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ဆီမီးဖိုင်နယ်အဆင့်မှာတော့ ၃၆ ဒသမ ၄ ရာခိုင်နှုန်းထိ အနိုင်ရဖို့ရှိနေတာဖြစ်ပါတယ်။ ဗိုလ်လုပွဲတက်ရောက်နိုင်ခြေကတော့ ၁၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး ဆုဖလားရနိုင်ခြေကတော့ ၉ ဒသမ ၈ ရာခိုင်နှုန်းသာရှိလို့ ပဉ္စမမြောက်ဦးစားပေးအသင်းဖြစ်နေတာကို တွေ့ရမှာပါ။

နောက်ထပ် ဗိုလ်စွဲနိုင်ဖို့ ရေပန်းစားတဲ့အသင်းကတော့ ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းပဲဖြစ်ပါတယ်။ လက်ရှိအုပ်စု (D) မှာ ဖလာမင်ဂို၊ အက်စ်ပါးရန့်၊ လော့အိန်ဂျလိစ်အသင်းတို့နဲ့ တစ်အုပ်စုတည်းကစားရမှာဖြစ်လို့ အုပ်စုကကျော်ဖြတ်နိုင်ခြေ ဇ၃ ဒသမ ၄ ရာခိုင်နှုန်းထိရှိနေတာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ ၅၆ ရာခိုင်နှုန်းထိ နိုင်ခြေရှိနေပြီး ဆီမီးဖိုင်မှာ ၃၀ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ဗိုလ်လုပွဲတက်ရောက်နိုင်ခြေ ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာပါ။ ဆုဖလားရရှိနိုင်မှုကတော့ ၈ ဒသမ ၄ ရာခိုင်နှုန်းရှိတာကြောင့် အခုပြိုင်ပွဲမှာ ဆဋ္ဌမမြောက် ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ အသင်းဖြစ်ပြီး အဆိုပါ ကလပ်အသင်းအားလုံးကလဲ ယူအီးအက်ဖ်အေကလပ်အသင်းများသာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၆၀၀ စိုက်ပျိုးမည်

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၆၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၁၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဧပြီလကုန်တစ်ဝက်ခန့်ကစ၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ စပါး ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး စိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် မိုးစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေ့ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

ဘားအံမြို့နယ် ကောကရက်ထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ ဇွန် ၁၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ကရက်ထော်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ကို ကျေးလက်နေပြည်သူများ စားသုံးဆီဖူလုံစေရန်အတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကောကရက်ထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့် အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းထံမှ သိရသည်။ **ကိုသက်**

စာပေမြင့်မှ လူမျိုးတင့်မည်

Myanmar Mobile Money (MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

Myanmar MOBILE MONEY

အဦးမိုးစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၂၀၊ ၀၉ ၃၁၀၀၀၁၅၂၂
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(F-၂၇၇)ရှိ မြေကွက်ပေါ်တွင် ဒေါ်ဆောင်းတင်(၉/မခန(နိုင်)၀၂၅၈၀၉)ကိုင်ဆောင်သူမှ အလျား ၁၀၀'- ၀"၊ အမြင့် ၅'-၆" အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၆)ရှိ မြေကွက်ပေါ်တွင် ဒေါ်စာယဉ်ပန်း(၉/မခန(နိုင်)၀၀၉၆၄၁)ကိုင်ဆောင်သူမှ အလျား ၁၄'-၀"၊ အနံ ၁၄'-၀"နှင့် အလျား ၁၅'-၀"၊ အမြင့် ၅'-၆" နံကပ် (၁)နှင့် ခြံဝန်းဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဝန်းခြံနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁-c)၊ ဦးပိုင်အမှတ်(၁၇/၈၃)ရှိ မြေကွက်ပေါ်တွင် ဦးကျော်စိုးဦး(၉/မခန(နိုင်)၂၀၂၈၄၄၀)ကိုင်ဆောင်သူမှ အလျား ၁၄၀'-၀"၊ အမြင့် ၅'-၆" အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝန်ထမ်းအလိုရှိသည်

Marketing အမျိုးသမီး (၂)ဦး
- အသက် (၂၅)နှစ်အတွင်း
- အထက်တန်းအောင်မြင်ရမည်
- နယ်ခရီးသွားနိုင်ရမည်
- အိမ်ထောင်မရှိသူဖြစ်ရမည်။

Helper အမျိုးသား (၂)ဦး
- အသက် (၂၅)နှစ်အတွင်း
- (က) လိုင်စင်ရှိရမည်။

အမှတ် (၄၃၆)၊ ၇၆ x ၃၃ လမ်းထောင့်

09-782005585

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မောင်ဟန်ဘုန်းမြတ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးသန့်ဖြစ်ပါကြောင်း။ **ဦးမျိုးသန့်(၉/ကဆန(နိုင်)၁၈၇၆၉၇)**

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မမြတ်နိုးနိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်ဝင်းဖြစ်ပါကြောင်း။ **ဦးနိုင်ဝင်း(၉/ကဆန(နိုင်)၁၁၈၇၆၈)**

MIA ကိုယ်ပိုင်ကျောင်းတွင် လုပ်ကိုင်ရန် ယာဉ်မောင်းဝန်ထမ်းခေါ်ယူခြင်း

- အမျိုးသား (၄)ဦး
- ယာဉ်မောင်းလိုင်စင်ရှိပြီး ယာဉ်ကို ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ (၁)ပုံတို့ကို အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ MIA ကိုယ်ပိုင်ကျောင်း ၅၉ လမ်းနှင့် လမ်း ၄၀ ထောင့်၊ ရဲမွန်တောင်ရပ်ကွက်၊ မန္တလေးမြို့။

ဖုန်း ၀၉-၇၇၀၀၂၂၁၁, ၀၉-၉၆၄၄၃၃၃၉

အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အထက(၁) Grade-12 တွင် ပညာသင်ကြားနေသော ဦးဌေးဦး၏သမီး မအိမ်ချစ်စု၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိမ်စုချစ်ဖြစ်ပါကြောင်း။

မအိမ်စုချစ်

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကန်တော်ရပ်နေ ဒေါ်ဒီကုမာရီ (၁) သန်းသန်းအေး (ဘ) ဦးအောင်ခိုင်(၉/မကန(နိုင်)၁၉၉၈၆၄)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **၀၉-၇၉၀၉၀၅၂၄၄**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီ လီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်၊ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍ မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ်အောင်မြင်မှုရှိရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေးခြင်းနှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ပထမဆုဆွတ်ခူး

တောင်ကြီး ဇွန် ၁၂

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၁၉ ကော်လံ ၄ ☆**

မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ရခိုင်ပြည်နယ်သို့ တင်ပို့မည့် တန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်-အောင်လံသွားကားလမ်းရှိ တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် အောင်ဇော်ဦး မောင်းနှင်သည့် **စာမျက်နှာ ၂၂ ကော်လံ ၁ ❖**

ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။